စိတ်ကြိုက်စာပေ

# အောင်မြင်ကြီးပွားကြောင်း နည်းကောင်း ၁၀၀

## သတိုးနွယ်



WIN NAING

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် ၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သတိုးနွယ်

## အောင်မြင်ကြီးပွားကြောင်း နည်းကောင်း(၁၀၀)

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၄၀၁၀၅၀၀၈၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၄၀၁၁၃၂၀၉၁၁

**ပထမအကြိမ်** - ၂၀၁၂ ခုနှစ်၊ ဧပြီလ

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** 2000

**အဖုံးဒီဇိုင်း** - ဝေးနိုင (...)

**ကွန်ပျူတာစာစီ** - A-7 Group (Asia Plaza)

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**စီစဉ်သူ** - မျိုးညွန့် (စိတ်ကြိုက်စာပေ)

**ထုတ်ဝေသူ** - ဦးချစ်ညွန့်(၀၄၀၀၄)၊
ဇင်ရတနာစာပေ၊
၂၀၅က/၄-လမ်းမြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၁၃၁.၃

သတိုးနွယ်
အောင်မြင်ကြီးပွားကြောင်းနည်းကောင်း(၁၀၀) / သတိုးနွယ် ။ ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၁၂။
၁၉၉-စာ၊၁၀.၅ × ၁၆.၅စင်တီ။
(၁)အောင်မြင်ကြီးပွားကြောင်းနည်းကောင်း(၁၀၀)

## မာတိကာ


၁။ အောင်မြင်ချင်သော စိတ်ဓာတ် ... ၁
၂။ ရည်ရွယ်ချက်ပန်းတိုင် ... ၃
၃။ လူရွေးပေါင်းပါ ... ၅
၄။ စနစ်တကျ ပြုလုပ်ပါ ... ၇
၅။ ပတ်ဝန်းကျင် ... ၉
၆။ စိတ်သဘောထား ... ၁၁
၇။ အရှုံးကို လက်ခံပါ ... ၁၃
၈။ ဦးတည်ချက်တစ်ခုပဲထားပါ ... ၁၅
၉။ အမှန်အတိုင်း မြင်ပါ ... ၁၇
၁၀။ ပြန်ထပါ ... ၁၉
၁၁။ အကောင်းဆုံးဖြစ်အောင်လုပ်ပါ ... ၂၁
၁၂။ အခက်အခဲကို ရင်ဆိုင်ပါ ... ၂၃
၁၃။ လမ်း ... ၂၅
၁၄။ လောကခံ ... ၂၇
၁၅။ သတ်မှတ်ချက်ထားပါ ... ၂၉
၁၆။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီး ... ၃၁
၁၇။ သူတစ်ပါး မထိခိုက်ပါစေနဲ့ ... ၃၃
၁၈။ မူးယစ်ဆေးဝါး ရှောင်ရှားပါ ... ၃၅
၁၉။ စိတ်ထဲမှာ စွဲနေပါစေ ... ၃၇
၂၀။ ကိုယ်ကျင့်တရား ... ၃၉
၂၁။ အမှားကိုသိပါ ... ၄၁
၂၂။ လူမိုက်ကို မပေါင်းနဲ့ ... ၄၃
၂၃။ ထူးခြားသူ ... ၄၅
၂၄။ စိတ်ပျော်အောင်နေပါ ... ၄၇

၂၅။ အဆင်ပြေအောင် နေတတ်ပါစေ ... ၄၉
၂၆။ သူတစ်ပါးကို အပြစ်မတင်နဲ့ ... ၅၁
၂၇။ လက်စသတ်ပါ ... ၅၃
၂၈။ လူကြီးလူကောင်း ပီသပါ ... ၅၅
၂၉။ ဇွဲ ... ၅၇
၃၀။ လေးလေးစားစား ဆက်ဆံပါ ... ၅၉
၃၁။ ယုံကြည်ချက် အပြည့်ထားပါ ... ၆၁
၃၂။ ဆုံးဖြတ်ချက် မှန်ပါစေ ... ၆၃
၃၃။ စိတ်အင်အား ... ၆၅
၃၄။ အရည်အသွေး တိုးတက်အောင်လုပ် ... ၆၇
၃၅။ နိုင်းတတ်ပါစေ ... ၆၉
၃၆။ အောင်မြင်မှုလေးများကို တန်ဖိုးထားပါ ... ၇၁
၃၇။ ပစ္စုပ္ပန်ဘဝကို အားကိုးပါ ... ၇၃
၃၈။ မကောင်းတဲ့အကျင့်များကိုဖျောက်ပါ. ... ၇၅
၃၉။ လူတွေကို နားလည်ပါ ... ၇၇
၄၀။ နောက်ထပ် နည်းလမ်းရှာပါ ... ၇၉
၄၁။ ကောင်းတဲ့အချက်ကို အသိအမှတ်ပြုပါ ... ၈၁
၄၂။ အလိုရှိရာကို ရယူပါ ... ၈၃
၄၃။ ကြိုဘင်ပြင်ဆင်ပါ ... ၈၅
၄၄။ လမ်းမပျောက်စေနဲ့ ... ၈၇
၄၅။ ဆန့်ကျင်ဘက်မပြောပါနှင့် ... ၈၉
၄၆။ စစ်မှန်သော အောင်မြင်မှု ... ၉၁
၄၇။ အခွင့်အရေး ... ၉၃
၄၈။ စည်းကမ်းဖြင့်နေပါ ... ၉၅
၄၉။ သဘောထားကြီးပါ ... ၉၇

၅၀။ စကားလုံးတွေကို ဂရုစိုက်ပါ ... ၉၉
၅၁။ ကိုယ့်ကိုယ်ကို လေးစားပါ ... ၁၀၁
၅၂။ စိတ်ခံစားနှင့်လုပ်ရပ် ... ၁၀၃
၅၃။ လေးနက်မှုရှိပါစေ ... ၁၀၅
၅၄။ နည်းမှန်လမ်းမှန် ... ၁၀၇
၅၅။ ကျေးဇူးသိတတ်ပါ ... ၁၀၉
၅၆။ ဆန္ဒ၊ ဖွဲ၊ သန္နိဋ္ဌာန် ... ၁၁၁
၅၇။ သင့်တင့်တဲ့ ဒေသမှာနေပါ ... ၁၁၃
၅၈။ စိတ်ဝင်စားတာကိုလုပ် ... ၁၁၅
၅၉။ ကိုယ်စွမ်းဉာဏ်စွမ်းရှိအောင်လုပ် ... ၁၁၇
၆၀။ အသိအမှတ်ပြုပါ ... ၁၁၉
၆၁။ ရုန်းထွက်ချင်သောစိတ် ... ၁၂၁
၆၂။ စေတနာကောင်းဖြင့် ပြုလုပ်ပါ ... ၁၂၃
၆၃။ လိုအပ်တာကို ဖြည့်ဆည်းပါ ... ၁၂၅
၆၄။ အောင်မြင်ရေးအတတ်ပညာ ... ၁၂၇
၆၅။ ကိုယ့်လျှာကိုယ်ထိန်း ... ၁၂၉
၆၆။ အတုယူပါ အတူမလုပ်ပါနှင့် ... ၁၃၁
၆၇။ အောင်မြင်မှုကို ထိန်းသိမ်းပါ ... ၁၃၃
၆၈။ ဘဝင်မမြင့်နဲ့ ဘဝမြင့်အောင်လုပ် ... ၁၃၅
၆၉။ ပန်းတိုင်အမြန်သွားနည်း ... ၁၃၇
၇၀။ နောင်တ ... ၁၃၉
၇၁။ ကျွန်းဖြစ်အောင်လုပ် ... ၁၄၁
၇၂။ သတ္တိ ... ၁၄၃
၇၃။ အလုပ်ကိုချစ်ပါ ... ၁၄၅
၇၄။ လောဘမကြီးနဲ့ ... ၁၄၆

| | | |
|---|---|---|
| ၇၅။ အချိန် | ... | ၁၄၈ |
| ၇၆။ ကိုယ့်အလုပ်ကိုယ်လုပ် | ... | ၁၅၀ |
| ၇၇။ ကံကောင်းအောင်လုပ် | ... | ၁၅၂ |
| ၇၈။ ပြတ်သားသော ရည်ရွယ်ချက် | ... | ၁၅၄ |
| ၇၉။ သူတစ်ပါးကို အားမကိုးနဲ့ | ... | ၁၅၆ |
| ၈၀။ အထွတ်အထိပ်သို့ရောက်နည်း | ... | ၁၅၈ |
| ၈၁။ အောင်မြင်ခြင်း လောကဓံ | ... | ၁၆၀ |
| ၈၂။ အကျပ်အတည်း | ... | ၁၆၂ |
| ၈၃။ စိတ်ကိုနိုင်အောင်လုပ်ပါ | ... | ၁၆၄ |
| ၈၄။ ကိုယ်အား စိတ်အား | ... | ၁၆၆ |
| ၈၅။ တာဝန်နှင့် အစွမ်းအစ | ... | ၁၆၈ |
| ၈၆။ ဝီရိယ | ... | ၁၇၀ |
| ၈၇။ မနှောင့်နှေးပါနှင့် | ... | ၁၇၂ |
| ၈၈။ မဖြစ်နိုင်ဘူးလို့ မထင်ပါနဲ့ | ... | ၁၇၄ |
| ၈၉။ ဆန္ဒရှိပါစေ | ... | ၁၇၆ |
| ၉၀။ ခိုင်မာသော စိတ်ထား | ... | ၁၇၈ |
| ၉၁။ ဉာဏ်ကောင်းအောင်လုပ် | ... | ၁၈၀ |
| ၉၂။ ပညာနှင့် ဝီရိယ | ... | ၁၈၂ |
| ၉၃။ ကံ | ... | ၁၈၄ |
| ၉၄။ တည်ငြိမ်မှု ရှိပါစေ | ... | ၁၈၆ |
| ၉၅။ စိတ်ဓာတ်မကျပါနဲ့ | ... | ၁၈၈ |
| ၉၆။ စည်းစနစ်ကျကျ လုပ်ဆောင်ပါ | ... | ၁၉၀ |
| ၉၇။ အဆုံးသတ်ပါ | ... | ၁၉၂ |
| ၉၈။ အောင်မြင်အောင်လုပ် | ... | ၁၉၄ |
| ၉၉။ ထွက်မပြေးပါနဲ့ | ... | ၁၉၆ |
| ၁၀၀။ တကယ်သိအောင်လုပ်ပါ | ... | ၁၉၈ |

## အောင်မြင်ချင်သောစိတ်ဓာတ်

အောင်မြင်ကြီးပွားမှုမှာ စိတ်ဓာတ်ဟာ အရေးကြီးပါတယ်။ လူအများစုကို သင်က-

'အောင်မြင်ကြီးပွားချင်ပါသလား' ဟုမေးပါက-

'မအောင်မြင်ချင်တဲ့သူ ဘယ်သူရှိပါသလဲ' ဟု သင့်ကို ပြန်ပြီးတော့ မေးပါလိမ့်မယ်။

သို့သော်-

လူတိုင်းကတော့ မအောင်မြင် မကြီးပွားကြပါဘူး၊

အဲဒါ အခြားသော အရာများကြောင့် မဟုတ်ပေ၊

အောင်မြင်ချင်သော စိတ်ဓာတ် မရှိလို့ပါပဲ။

သည်နေရာမှာ-

စိတ်ဓာတ်နှင့် လုပ်ရပ်ဟာ တွဲစပ်ပြီးတော့ ဖြစ်တည်ပါတယ်။

တကယ် အောင်မြင်ချင်တဲ့သူဟာ၊
မိမိ စိတ်ထဲမှာ ဖြစ်ချင်တဲ့အရာကို၊
မဖြစ်ဖြစ်အောင် လုပ်ယူတတ်ပါတယ်။
အဲသည်လို-

မိမိ လိုချင်သောအရာကို မရရအောင် ယူတတ်သော စိတ်ဓာတ်ကိုပင် အောင်မြင်ချင်သော စိတ်ဓာတ်ဟုခေါ်ပါတယ်။

စိတ်ထဲမှာတော့ အောင်မြင်ကြီးပွားချင်ပြီး
လက်တွေ့လုပ်ဆောင်မှု မရှိပြန်ရင်လည်း

အဲသည်လိုသူကို အောင်မြင်ကြီးပွားချင်တဲ့ စိတ်ဓာတ်ရှိသူဟု သတ်မှတ်လို့မရပေ။

တကယ်အောင်မြင်တဲ့သူဆိုတာ

စိတ်ဓာတ်ကော၊ လုပ်ရပ်ပါ အောင်မြင်မှုအတွက်သာ အသုံးချပါတယ်။

အဲသည်လိုလူကို

အောင်မြင်ချင်သော စိတ်ဓာတ်ပြင်းထန်သူလို့ သတ်မှတ်ပါတယ်။

အဲသည်စိတ်ဓာတ်ဟာလည်း
ခဏလေးရှိနေရမှာမဟုတ်၊ အမြဲမပြတ် ရှိနေရမှာဖြစ်ပါတယ်။
စိတ်ထဲမှာ အမြဲမပြတ် အောင်မြင်ချင်စိတ်ရှိသူဟာ
လက်တွေ့ဘဝမှာလည်း
အောင်မြင်ကြောင်း အလုပ်တွေကိုပဲ လုပ်ဖြစ်ပါတယ်။

□ □ □

## ရည်ရွယ်ချက်ပန်းတိုင်

အောင်မြင်မှုဟာ နယ်ပယ်ကျယ်ဝန်းပါတယ်၊ နယ်ပယ်ကျယ်ဝန်းတဲ့အတွက် မိမိဟာ ဘယ်အရာမှာ အောင်မြင်ချင်တာလဲဆိုတာကို မလုပ်ခင်ကတည်းက စဉ်းစားထားဖို့ လိုအပ်ပါတယ်။

ပညာရေးမှာ အောင်မြင်ချင်သလား-

နိုင်ငံရေးမှာ-

စီးပွားရေးမှာ-

စသည် စသည်အားဖြင့် မိမိ အောင်မြင်ချင်သော နယ်ပယ်ကို မိမိကိုယ်တိုင် အတိအကျ သိနေရပါမယ်။

ကိုယ် ဘာဖြစ်ချင်တယ်ဆိုတာကို

ကိုယ်ကိုယ်တိုင် ခွဲခွဲခြားခြား မသိရင်

ဘယ်အရာမှာမှ မအောင်မြင်နိုင်ပါဘူး။

ဒါကြောင့်-

ရည်မှန်းချက်တစ်ခုကို ထားတော့မယ်ဆိုပါက-

အဲဒီ ရည်မှန်းချက်ဟာ မိမိရဲ့ စရိုက်၊ ဝါသနာ၊ စိတ်ဓာတ်နှင့် လုပ်ရပ် ဘယ်လောက်ထိ ကိုက်ညီမှုရှိပါသလဲဆိုတာကို အသေအချာ စဉ်းစားရပါမယ်။ အစစ အရာရာ အဖက်ဖက်က စဉ်းစားလို့ အဆင်ပြေပြီဆိုရင် ဆုံးဖြတ်ချက်ကို အတိအကျ ချပါ။

အောင်မြင်ကြီးပွားချင်တဲ့သူဆိုတာ-

ဆုံးဖြတ်ချက်တစ်ခုကို အလွယ်တကူ ချမှတ်လေ့မရှိသလို ချမှတ်ပြီးသား ဆုံးဖြတ်ချက်ကိုလည်း အလွယ်တကူ ပြင်ဆင်လေ့မရှိပါဘူး။

ဒီတော့-

အောင်မြင်ကြီးပွားဖို့ဆိုပါက-

ရည်မှန်းချက် ပန်းတိုင်ကို တိတိကျကျ ချမှတ်ကာ အဲဒီ ချမှတ်ထားတဲ့ ပန်းတိုင်ရောက်အောင် လျှောက်ရပါမယ်။

ဘာကြောင့်လည်းဆိုပါက

ပန်းတိုင်မရှိဘဲ ခရီးသွားတာထက်

ပန်းတိုင်ရှိပြီး ခရီးသွားတာက

ပိုပြီးတော့ မြန်ဆန်လို့ပါပဲ။ ။

□ □ □

## လူရွေးပေါင်းပါ

အပေါင်းအသင်း မိတ်ဆွေဆိုတာ
လူတိုင်း နေရာတိုင်းမှာ ရှိပါတယ်။
သို့သော်-
အောင်မြင်ကြီးပွားချင်စိတ်မရှိတဲ့ မကောင်းတဲ့လူတွေနဲ့ မပေါင်းသင်းမိဖို့တော့ လိုအပ်ပါတယ်။
ဘာကြောင့်လည်းဆိုတော့-
မကောင်းတာ လုပ်တဲ့သူတွေနဲ့ ပေါင်းသင်းမိသွားပါက ကောင်းတာတွေပြုလုပ်ဖို့ အခွင့်အရေးတွေက ပိတ်သွားတတ်ပါတယ်။
ကိုယ် ကောင်းရင် ခေါင်းမရွှေ့ဘူးဆိုပေမယ့်
အောင်မြင်ကြီးပွားချင်တဲ့ သူတွေက
အောင်မြင်ကြီးပွားတိုးတက်ဖို့ အကြောင်းတွေကိုပဲ ပြောဆိုလုပ်ကိုင်တတ်သလို၊ မအောင်မြင်တဲ့ သူတွေကလည်း မအောင်မြင်တဲ့ အလေ့အထတွေကိုပဲ ပြုလုပ်တတ်ပါတယ်။

ဒီတော့-

ကိုယ်ဟာ အောင်မြင်ကြီးပွားချင်တဲ့အတွက် မအောင်မြင်မကြီးပွားချင်တဲ့သူကို မပေါင်းမိအောင် ရှောင်ကြဉ်ရပါမယ်။ ဘာကြောင့်လည်းဆိုတော့

တိုးတက်မှု နှောင့်နှေးမှာ ဆိုလို့ပါ။
လမ်းမသိတဲ့ သူတွေကြီးပဲ ခရီးသွားတာနဲ့
လမ်းသိတဲ့သူနဲ့ အတူသွားရတာဟာ
ခရီးလည်း မှန်သလို
ခရီးလည်း မြန်ပါတယ်။
အောင်မြင်တဲ့သူ ဆိုတာဟာလည်း
လမ်းသိတဲ့သူနဲ့ ခရီးအတူသွားသလိုပါပဲ
အောင်မြင်မှုပန်းတိုင်ကို ပိုပြီးသော့ အရောက်မြန်ပါလိမ့်မယ်။

❑ ❑ ❑

## စနစ်တကျ ပြုလုပ်ပါ

တချို့သူတွေ

ရည်မှန်းချက်ပန်းတိုင်ကို အတိအကျ သတ်မှတ်ပြီး ပြုလုပ်တတ်ပါတယ်။

ဒါပေမယ့်-

မအောင်မြင် မကြီးပွားကြဘူး။

ဘာကြောင့်လည်း-

အလုပ်ကို စနစ်တကျ မလုပ်လို့ပါဘဲ။

စနစ်တကျ မလုပ်ဆောင်တဲ့အတွက် ကြိုးစားမှုတိုင်းဟာ မထိရောက်ဘဲ လိုရင်းမကျ ဖြစ်သွားပါတယ်။

ကြိုးစားမှုနှင့် စနစ်တကျ ပြုလုပ်တာဟာ မတူညီပါ။

လုပ်ကွက်တွေတော့ အများကြီးပြီးပြီး

တစ်ခုမှ မသေသပ်ပါက နောက်တစ်ကြိမ် အထပ်ထပ်ပြန်ပြီးတော့ ပြုလုပ်ရတာနဲ့တင် ရှေ့ကို မရောက်တော့သလို တခြားသူတွေကပါ-

"ဒီလူလုပ်တာ စနစ်မကျဘူး"

တစ်ယောက်စကား တစ်ယောက်နားကို ကြားသွားပါက မိမိအတွက် ထိုက်သင့်တဲ့ အခွင့်အရေးတွေ မရတော့ပါဘူး။

အလုပ်တစ်ခုကို စနစ်တကျ ဖြစ်စေဖို့ဆိုပါက

ဝီရိယတွင် ဉာဏ်ပါတွဲပြီး လုပ်ရပါမယ်။

တစ်နည်းအားဖြင့်ဆိုရပါက-

အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးလိုက်တာ ဖြစ်ပါတယ်။

အောင်မြင်ကြီးပွားလာတဲ့ သူတွေဟာ-

ကြီးကျယ်ခမ်းနားသော အလုပ်တွေကို အသေအချာ ပြုလုပ်နိုင်လို့ အောင်မြင်လာကြတာ မဟုတ်ပါဘူး၊ သေးငယ်သော ကိစ္စရပ်လေးတွေကိုပင် စနစ်တကျ ပြုလုပ်တတ်တဲ့ အကျင့်လေးတွေက စပြီး အောင်မြင်မှုကို ရယူကြတာ ဖြစ်ပါတယ်။

ဘာကြောင့်လည်းဆိုတော့-

သေးငယ်သော အရာတွေကို စနစ်တကျ လုပ်တတ်တဲ့သူဟာ ကြီးကျယ်သောအရာတွေ ပိုပြီးတော့ စနစ်ကျအောင် လုပ်တတ်လို့ပါပဲ။

ဒီလိုပါပဲ-

အသေးအမွှားကို စနစ်မကျသူအတွက်

ကြီးကျယ်မှုတွေကိုလည်း စနစ်တကျ မလုပ်ဆောင်တတ်တော့ပေ။

❑ ❑ ❑

## ပတ်ဝန်းကျင်

လူတစ်ဦးတစ်ယောက်၏ တိုးတက်အောင်မြင်မှုမှာ ပတ်ဝန်းကျင်ရဲ့ အထောက်အပံ့က ဘယ်လောက် အတိုင်းအတာထိ လိုအပ်မှု ရှိပါသလဲ?

ရာနှုန်းပြည့်နီးပါး လိုအပ်တယ်ဟု ဖြေလိုက်ပါက လွန်မည် မထင်ပေ။

အကြောင်းကား-

မိမိ လက်ရှိရောက်နေသော အရပ်ဒေသနှင့် မိမိ ရည်မှန်းထားသော ပန်းတိုင်နှင့် ဝေးကွာနေပါက အောင်မြင်ကြီးပွားဖို့ဆိုတာ မဖြစ်နိုင်ပေ။

စာသမားဖြစ်ချင်ရင် စာသမားတွေနေရာကို သွားရမယ်။

စီးပွားရေးလုပ်ချင်ရင် စီးပွားရေးလုပ်ကွက်နေရာကို သွားရမယ်။

အဲဒီအတွက်-

အရပ်ဒေသကို စွန့်သင့်ရင် စွန့်ရမယ်။

မြန်မာစကားပုံမှာ-

'သေချင်တဲ့ကျား တောမပြောင်း' ဆိုတာ ရှိသလို 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ စကားလည်းရှိတယ်။

ဒီအတွက်-

ဒီ လက်ရှိရောက်နေတဲ့ ပတ်ဝန်းကျင်မှာ

ဒီ ဆောင်ရွက်ကြိုးပမ်းမှုကို အကောင်းဆုံး အထောက်အကူ မပေးနိုင်ဘူးဆိုရင် သင် ပတ်ဝန်းကျင်ကို ပြောင်းလဲဖို့ ဒီ အခါ ကို မြင်တင်ပါ။

ဒါပေမယ့်-

ဒီ ဝါသနာပါရာနဲ့ မကိုက်ညီတဲ့ ပတ်ဝန်းကျင်တစ်ခုကို ရောက်နေတယ်ဆိုရင်လည်း၊ အရင်ဆုံးသင့် ဘဝကို ပြန်လည်သုံးသပ်ပါ။

လယ်သမားတစ်ယောက်အတွက်

ဆေးပညာတွေနဲ့ မလိုအပ်ပါဘူး

တစ်နေ့ကြတော့

သူတစ်ပါးတွေဟာ ဒီအတွက် ပတ်ဝန်းကျင်ဖြစ်လာရ

ဖြစ်ဟာလည်း သူတစ်ပါးတို့အတွက် ပတ်ဝန်းကျင်ဖြစ်တယ် ဆိုတာ မမေ့ပါနဲ့။

◼ ◼ ◼

## စိတ်သဘောထား

အောင်မြင်သူနှင့် မအောင်မြင်သူ

ကြီးပွားသူနှင့် မကြီးပွားသူဆိုပြီး ကြီးမားစွာ ခွဲခြားလို့မရသေးခင်မှာတော့ အတူတူပင်ဖြစ်၏။

တချို့လူတွေပြောကြသလို -

"ဒီလူက အရင်က ငါနဲ့ အတူတူလုပ်ခဲ့တာ၊ အခုမှသာ သူက ကြီးပွားသွားတာ"

ဟု တချို့က ပြောလေ့ရှိတာကို သင် ပတ်ဝန်းကျင်မှာ ကြားဖူးပါလိမ့်မည်။

အတူတူ လုပ်ကိုင်ခဲ့ပါလျက်

သူက ဘာကြောင့် အောင်မြင်သွားပါသလဲ

အခြားကြောင့် မဟုတ်ပေ

သူတို့၏ မိမိ လုပ်ကိုင်နေသော အလုပ်ပေါ်ကိုထားသော သဘောထားအမြင်ကြောင့် ဖြစ်၏။

မအောင်မြင်တဲ့သူက

မိမိ လုပ်ဆောင်တဲ့အလုပ်ကို တာဝန်ကျေ သဘောလောက်သာ လုပ်ဆောင်လေ့ရှိကြပြီ။

အောင်မြင်တဲ့သူတွေကတော့

မိမိ လက်ရှိ လုပ်ဆောင်နေတဲ့အလုပ်ကို တာဝန်ကျေရုံတင်မကဘဲ အရည်အသွေးပါ မြင့်မားလာအောင် လုပ်ဆောင်ပါတယ်။

တာဝန်ကျေအောင် လုပ်ဆောင်တဲ့သူအတွက် အဲဒီအလုပ်မှာ အရည်အသွေးနှင့် အရည်အချင်းဟာ မြင့်တက်လာစရာ အကြောင်းသာ ရှိပါသည်။

အရည်အချင်းမရှိတဲ့သူဟာ

အရည်အသွေး မရှိနိုင်ပေ။

အရည်အသွေး မရှိတဲ့သူအတွက်

အောင်မြင်မှုဟာလည်း မရှိနိုင်ပေ။

တကယ်တော့-

မိမိ လက်ရှိအလုပ်ကို အရည်အချင်း ပြည့်ဝစွာ လုပ်ကိုင်ဆောင်ရွက်တဲ့သူတွေဟာ အရည်အသွေး တိုးတက်လာသလို အောင်မြင်မှုမှာ တိုးတက်လာပါတယ်။

❑ ❑ ❑

## အရှုံးကို လက်ခံပါ

ဘယ်သူမဆို မိမိ လုပ်ကိုင်ဆောင်ရွက်သမျှ ကိစ္စရပ်တိုင်းကို အောင်မြင်စွာဖြင့် ဖြတ်သန်းချင်ကြပါတယ်။

သို့သော်-

အောင်မြင်မှုဆိုတဲ့အရာဟာလည်း အခက်အခဲများ၊ အဆင်မပြေမှုများ၊ အရှုံးများကိုကျော်ဖြတ်ပြီးမှ ရောက်ရှိလာတတ်သော အရာတစ်ခုပဲ ဖြစ်ပါတယ်။

တချို့က-

ဆုံးရှုံးမှုတစ်ခု ကြုံလိုက်တာနဲ့ ကမ္ဘာပျက်သလို ခံစားကြရတယ်။

တချို့က-

တစ်ကြိမ် ဆုံးရှုံးမှုကြုံတာနဲ့ အရာအားလုံးကို မျက်ကွယ်ပြုလိုက်တယ်။ အဲဒီလို လူတွေအတွက် ပန်းတိုင်က ဝေးတယ်။

တကယ် အောင်မြင်ချင်တဲ့သူဟာ

မိမိ ဆုံးရှုံးသွားသော အရာတွေကို စိတ်မဝင်စားတော့ဘဲ

မဆုံးရှုံးဘဲ ကျန်နေခဲ့သည့် အရာတွေကိုသာ
ဘယ်လို ရယူရမလဲဆိုတာပဲ စိတ်ဝင်စားတယ်။
တစ်နည်းအားဖြင့် -
အများထဲက သင်ခန်းစာယူကာ အမှန်တရားဖြစ်အောင် လုပ်ဆောင်လိုက်တာပါပဲ။
တကယ်တမ်းအားဖြင့်တော့ အရှုံးဆိုတာ
နာကြည်းကြေကွဲနေရမည့် အရာမဟုတ်
နောက်တစ်ခါ မမှားအောင်
နောက်တစ်ခါ သတိထားတတ်အောင်
နောက်တစ်ခါ အကောင်းဆုံးဖြစ်အောင်
နောက်တစ်ခါ ကြိုးစားဖြစ်အောင်
မိမိကို စမ်းသပ်စစ်ဆေးလိုက်တဲ့အရာပဲ ဖြစ်ပါတယ်။

□ □ □

## ဦးတည်ချက်တစ်ခုခဲ့တာပေါ့

မှားနေသောအရာကြောင့် မအောင်မြင်တဲ့သူတို့အား

ပါရမီလေ့ချင်း၊ သည်းခံလေ့ချင်း၊ ပိုဝင်ဝင်၊ သည်းဝင်ဝင် အများအားဖြင့် ဖြစ်ပါတယ်။

တချို့က=

ဦးတည်ချက်တစ်ခု သတ်မှတ်ပြီးတော့ လုပ်ဆောင်ပါတယ်။

ဒါပေမယ့်=

မိမိ လုပ်ဆောင်တဲ့ ဦးတည်ရာလမ်းကြောင်းမှာ အခက်အခဲ မှာတစ်ခု ကြုံတွေ့ပါက နောက်ဆုတ် ဦးတည်ချက်တစ်ခုကို အလျှင်အမြန်ပဲ ပြောင်းလဲပါတယ်။

လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုကနေ အခြားသောအရာ တစ်ခုကို ပြောင်းလဲလိုက်တာနဲ့ အရာအားလုံးဟာ တစ်ကနေ ပြန်ပြီး တော့ စရပြန်ပါတယ်။

ပါဝါလေ့ချင်းမပြီးပြတ် သည်းခံလေ့ချင်း မပြီးပြတ်တော့=

မိမိမှာရှိတဲ့ စွမ်းအားတွေဟာ ထွေပြားကာ အရပ်ရှစ်မျက်နှာကို ပြန့်ကျဲကာ တစ်ခုတည်းသော ဦးတည်ချက်မှာ အာရုံစူးစိုက်လို့ မရတော့ပါဘူး။

အောင်မြင်မှုဆိုတာ
ဦးတည်ချက်တစ်ခုတည်းကိုသာ
စွဲမြဲစွာ စူးစိုက်စွာဖြင့် အကောင်းဆုံး လုပ်ဆောင်နိုင်မှ ရရှိနိုင်သော အရာတစ်ခု ဖြစ်ပါတယ်။

အောင်မြင်တဲ့သူတွေဟာလည်း
ဦးတည်ချက်တစ်ခုတည်းကို
တိတိကျကျ ချမှတ်လေ့ရှိပြီး
အဲဒီ ဦးတည်ရာယန်းတိုင်ကိုလည်း အာရုံစူးစိုက်မှုပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြပါတယ်။

ဦးတည်ချက်ထွေပြားလေ
အောင်မြင်မှုဟာလည်း ဝေးကွာလေပါပဲ။
ဒီတော့-
အောင်မြင်မှုနှင့် အနီးဆုံးမှာရှိနေဖို့
ဦးတည်ချက်တစ်ခုပဲထားပါ။

❑ ❑ ❑

## အမှန်အတိုင်းမြင်ပါ

အမှန်တရားကို စကားလုံးပြောင်းကြည့်ပါက ရိုးသားမှုဟူသော အဓိပ္ပာယ်ကို သက်ရောက်ပါတယ်။

ရိုးသားမှုမရှိဘဲ အမှန်တရားကို တည်ဆောက်လို့မရ၊
အမှန်တရားမရှိပါဘဲ အောင်မြင်မှုကို ရှာဖွေ၍မရ၊
တစ်ခါတလေကြရင်

မိမိတို့ လုပ်ဆောင်မှုတွေထဲမှာ အဆင်မပြေတာတွေ၊ အခက်အခဲတွေ ကြုံတွေ့လာပါက သူတစ်ပါးကို အပြစ်မြင်လေ့ ရှိပါတယ်။

အရှိကို အရှိအတိုင်း
အမှန်ကို အမှန်အတိုင်း မမြင်တတ်ကြပါဘူး။
အဲသည်လို မမြင်တတ်လို့လည်း

တချို့သော အောင်မြင်မှုတွေဟာ မိမိတို့ထံကို မရောက်လာကြတာပဲ ဖြစ်ပါတယ်။

လူ၌-

အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း မြင်တွေ့နိုင်ဖို့အတွက် လိုအပ်ချက်တစ်ခုရှိ၏။

အဲဒါကတော့-

အလုပ်တိုင်းဟာ မိမိ ထင်ထားသလောက် မလွယ်ကူသလို၊ မိမိ မြင်ချင်တိုင်းလည်း၊ မြင်နိုင်မည် မဟုတ်သလို မိမိကိုယ်တိုင်သည် ပင် ရုံ၊ လှလ၊ လုပ်ဆောင်မှုတွေမှာ လိုအပ်ချက်တွေရှိနေသေးသလော၊ ရှိနေသလောဆိုတာကို မြင်နိုင်ရပါမယ်။

အဲသည့်လို မြင်တွေ့နိုင်ပါမှ မိမိ လိုအပ်ချက်ကိုသိပြီး ပြုပြင်နိုင်မှာ ဖြစ်ပါတယ်။

မိမိ လိုအပ်ချက်ကို မမြင်တဲ့သူဟာ
ကောင်းမြင်တဲ့သူတစ်ယောက် မဖြစ်နိုင်ပါဘူး။
မမြင်တော့မသိ၊ မသိတော့ မမြင်
မပြင်တော့ မရှိ၊ မရှိတော့ မရပေ။
ဒါကြောင့်-
ကောင်းမြင်ချင်တဲ့သူဟာ
အမှန်ကို အမှန်အတိုင်း၊ မြင်နိုင်အောင် ကြိုးစားပါ။

□ □ □

## မြန်မာ

လမ်းလျှောက်တတ်စဉ်ခါ ကလေးလေးတာဝန်မယူတော့ပဲ လက်ကျ နေခဲ့ရှိသလို မိမိ ဦးခေါင်းချက်ကို လျှောက်လှမ်းတဲ့အခါမှာလည်း ယိမ်းယိုင်နေရှိပါတယ်။

တစ်နေ့ရက်တည်းကို

တစ်ကြိမ်လျှောက်တဲ့နဲ့ ရောက်တဲ့သူဆိုတာ မရှိသလောက် ရှားပါတယ်။

ဒီလိုပါပဲ=

အောင်မြင်ကြီးမားရှိဆိုပါကလည်း

ကျရှုံးခြင်းတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

တကယ်တော့ အရှုံးဆိုတာ

ချိုမြိန်တဲ့ အရသာတစ်ခုမဟုတ်တဲ့အတွက်

နှစ်သက်စရာတော့ မကောင်းပေ။

ဒီနေ့သော်=

လဲကျတဲ့အခါတွေ၊ မအောင်မြင်တဲ့အခါတွေမှာ သည်အတိုင်း လဲနေမယ်ဆိုပါက ဘယ်လိုမှ မအောင်မြင်နိုင်ပေ။

လူ့တန်ဖိုးဆိုတာ

လဲကျမှုနှင့် တိုင်းတာရသည်မဟုတ်

လဲကျသည့်အချိန်တွေမှာ ဘယ်လောက်အထိ ပြန်ပြီး ထနိုင်သလဲဆိုတဲ့ အချက်အပေါ်မှာပဲ မူတည်ပါတယ်။

တကယ်တမ်းအားဖြင့်တော့-

လမ်းလျှောက်ဖူးတဲ့သူတိုင်း

ခလုတ်တော့ တိုက်ဖူးမှာပေါ့၊

တစ်ခုပဲရှိတယ်

ခလုတ်တိုက်ပြီး လဲကျသွားတဲ့အကြိမ်တိုင်း ပြန်ထဖို့ ကြိုးစားပါ။

□ □ □

## အကောင်းဆုံးဖြစ်အောင်လုပ်ပါ

အောင်မြင်တဲ့သူဆိုတာ
မိမိ လက်ရှိလုပ်ကိုင်နေတဲ့ အလုပ်ကို
အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်တဲ့သူပဲ ဖြစ်ပါတယ်။
မအောင်မြင်တဲ့သူတွေကတော့
တာဝန်ကျေလောက်သာ လုပ်ဆောင်လေ့ရှိပါတယ်။
မိမိ လုပ်တဲ့အလုပ်ကို
ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်စွမ်းရှိပါလျက်နဲ့
အကောင်းဆုံးဖြစ်အောင် မလုပ်ဆောင်တဲ့ သူတွေထံကို
အကောင်းဆုံး အခွင့်အရေးဆိုတာဟာလည်း
ဘယ်လိုမှ မရောက်လာနိုင်ပါဘူး။
ဘာကြောင့်လည်းဆိုတော့
အောင်မြင်မှုပန်းတိုင်ဆိုတာ

မိမိ တစ်ဦးတစ်ယောက်တည်းအတွက် သီးသန့်ရည်ရွယ်ထားတဲ့အရာ မဟုတ်ပါဘူး၊ အားလုံးနဲ့ တိုက်ရိုက်သက်ဆိုင်သောအရာပဲ ဖြစ်ပါတယ်။

လူအများနဲ့သက်ဆိုင်သေသေအရာကို
ရယူပိုင်ဆိုင်ခွင့်ရှိနေပါက
မိမိနဲ့လှုပ်ဆောင်ချက်ပမာ အတော်ပါးတို့ထက် အစစအရာ
ရာ သောအရာ မြင်ပါလိမ့်မယ်။
ဈေးကြီးတဲ့လှုပ်ဆောင်ချက်မျိုးပါတဲ့
ဈေးကြီးတဲ့ အခွင့်အရေးကို ပျော့မှန်းလို့ မရပါဘူး။
ဆောင်မြင့်မှုပန်းတိုင်ဆိုတာ
ဈေးကြီးတဲ့ အခွင့်အရေးတစ်ခုပဲ ဖြစ်ပါတယ်။
ထဲသည့် အခွင့်အရေးကို ရယူပိုင်ဆိုင်နိုင်ဖို့ရင်
လက်ရှိ လုပ်နေတဲ့ အလုပ်တွေကို
အကောင်းဆုံးမြင့်မားအောင် လုပ်ဆောင်လိုက်ပါ။

## အရက်သမားကိုရှုတ်ချပါ

မည်သည့်လမ်းကိုပဲလျှောက်လျှောက်
အရက်သမား အကျပ်အတည်းများနေတော့ တွေ့ကြုံရမှာပါပဲ
မည်သည့် အရက်သမားမှမဆို
မည်သည့် အောင်မြင်မှုမျိုးမှ မလာနိုင်ပေ။
ထို့ကြောင့်
အရက်သမား ကြီးပွားချင်လည်း
အောင်မြင်မှုက ကြွေးလွှားတော့မှာပါတော့ဘူး
ထို့အပြင်
အရက်သမားနှင့်တော့ အောင်မြင်မှုနှင့်သည် ဝေးကွာလှ
ကြောင့်လှလောကသား အရက်သမားများကို ရှောင်ကြဉ်ကြရမည်
အောင်မြင်မှုများကို ရယူ ကျော်ကြားအောင်မြင်ပါစေလို
တကယ်ပေါ့။
အရက်သမား အကျင့်ဆိုးများ

အတွေ့အကြုံ နည်းပါးသေးသော လူတစ်ဦးအား
အရာရာမှာ ရင်ဆိုင်ဖြေရှင်းရဲအောင်
ပြုပြင်ပြောင်းလဲပေးသောအရာတစ်ခုပဲ ဖြစ်ပါတယ်။
အောင်မြင်ကြီးပွားမှုကို ရရှိဖို့ဆိုပါက
အခက်အခဲဆိုတဲ့ လှေကားထစ်များကို ကျော်ဖြတ်ပြီးသွားမှ ရရှိလာမှာ ဖြစ်ပါတယ်။
အဲသည် လှေကားထစ်တွေကို ဖြတ်ကျော်ဖို့ဆိုရင်
ရည်မှန်းချက် ခိုင်မာတိကျဖို့ လိုအပ်ပါတယ်။
ဒါမှလည်း
ပန်းတိုင်ကို အရောက်လှမ်းနိုင်မယ့် နည်းလမ်းတွေကို အတိအကျ ချမှတ်ပြီး လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။
အဲသည်လိုလျှောက်တဲ့အခါ
အတိုက်အခိုက်များကြောင့် ယိမ်းယိုင်ခြင်း၊ ပြိုကျခြင်းများတော့ ရှိပေလိမ့်မည်။
ဒါက ပြဿနာမဟုတ်
အရေးကြီးတာက
အခက်အခဲတွေကိုကြောက်ပြီး
လမ်းပေါ်က ဆင်းမသွားဖို့ဘဲ **အရေးကြီးတယ်။**

❑ ❑ ❑

## လမ်း

လူဟာ-

အောင်မြင်မှု မရသေးခင်မှာ မိမိဘဝကို မိမိ ကျေနပ်မှုမရှိကြဘူး။

ကျေနပ်စရာမကောင်းတဲ့ ဘဝကနေ လွတ်မြောက်ဖို့ ထွက်ပေါက်ကို ရှာတတ်လေ့ရှိတယ်။

ဒါပေမယ့်-

တချို့က မိမိတို့ရဲ့ထွက်ပေါက်ကို ကောင်းမကောင်း၊ ရေရှည်အကျိုးရှိမရှိဆိုတာကို မစဉ်းစား မသုံးသပ်ဘဲ တဒင်္ဂ ထွက်ပေါက်ကိုသာ တကယ့် အမှန်တရားထင်ပြီး လျှောက်လှမ်းလေ့ရှိကြတယ်။

မမှန်တဲ့လမ်းမှာ အကြာကြီးလျှောက်ရင်
လမ်းမှန်ကို မလျှောက်တတ်ကြတော့ဘူး၊
ဘာကြောင့်လည်းဆိုတော့
လမ်းဆိုတာ

အမြန်လျှောက်ဖို့ထက်
အမှန်လျှောက်ဖို့က ပိုပြီးတော့ အရေးကြီးလို့ပါပဲ။
ဒါကြောင့်
မိမိ ရွေးချယ်တဲ့လမ်းကြောင်းဟာ မမှားဖို့ အထူး လိုအပ်ပါတယ်။

သွားနေပါလျက်နဲ့ မရောက်တာ
လုပ်နေပါလျက်နဲ့ မပြီးတာဟာ
တကယ်တမ်းတော့ မှားနေလို့ပဲဖြစ်ပါတယ်။
မှန်ကန်တဲ့ ကြိုးစားအားထုတ်မှုမရှိရင်
ကြာလာသည်နှင့်အမျှ
လမ်းကြောင်းမှန်ပေါ်ကို ပြန်ပြီးတော့ မတက်တတ်တော့ပါဘူး။
ဒီတော့-
မအောင်မြင်သေးခင်မှာ တဒင်္ဂ ထွက်ပေါက်ကိုတွေ့ကာ
လမ်းမှားကို မလျှောက်မိပါစေနဲ့။

❑ ❑ ❑

## လောကဓံ

လူရယ်လို့ဖြစ်လာသည်နှင့် ချမ်းသာတဲ့သူပဲဖြစ်ဖြစ် ဆင်းရဲတဲ့သူပဲဖြစ်ဖြစ် မည်သူမဆို လောကဓံတရားကို ရင်ဆိုင်ကြရမည်သာ ဖြစ်၏။

လောကဓံ မခံရတဲ့သူရယ်လို့ မည်သူတစ်ဦးတစ်ယောက်မှ မရှိပေ။

ဒါဆိုလျှင် -

အောင်မြင်သူနှင့် မအောင်မြင်သူ

သည်လူနှစ်ယောက်ရဲ့ကြားမှာ

မအောင်မြင်တဲ့လူက လောကဓံဒဏ်ကို ပို၍ခံစားရပြီး အောင်မြင်တဲ့သူကတော့ လောကဓံဒဏ်ကို သိပ်ပြီးတော့ မခံစားရကြလို့လား၊

အဲသည်လို မဟုတ်ပေ-

ညီမျှသော လောကဓံကို လူသားတိုင်း ခံစားကြရသည်သာ ဖြစ်လေ၏။

ဒါဆို-

လောကဓံ အတူတူ ခံစားကြရတာခြင်းတူပါလျက်နဲ့ တချို့ဘဝတွေက အောင်မြင်ကြီးပွားကြပြီး တချို့ဘဝတွေက ဘာကြောင့် စုတ်ပြတ်သတ်နေရတာလဲ။

အဖြေရှာကြည့်တော့-

ခံနိုင်ရည်နှင့် ခံယူတတ်သောစိတ်ဓာတ်ကပင် လူသားတွေကို ခွဲခြားသွား၏။

အောင်မြင်ချင်သူက ကြုံတွေ့လာသော လောကဓံတရားကို 'မဖြစ်ဖြစ်အောင်လုပ်မည်' ဟူသော ခံယူတတ်သော စိတ်ဓာတ်ကြောင့် သူတို့တွေဟာ ခံနိုင်ရည်ရှိပြီး လောကဓံကို ရင်ဆိုင်နိုင်စွမ်းရှိတာပဲ ဖြစ်ပါတယ်။

မအောင်မြင်တဲ့သူတွေကတော့-

ခံယူတတ်သော စိတ်ဓာတ်မရှိသလို ခံနိုင်ရည်လည်းမရှိပေ။

လောကဓံကို ခံနိုင်ရည်မရှိပါက

လောကဓံရဲ့ဒဏ်က ပိုပြီးတော့ ပြင်းထန်တတ်၏။

ဒါကြောင့်-

အောင်မြင်ချင်တယ်ဆိုပါက

လောကဓံကို ခံနိုင်ရည်ရှိပါစေ။

□ □ □

## သတ်မှတ်ချက်ထားပါ

အောင်မြင်မှုခရီးဆိုတာ-

ဖြတ်ခနဲ ရောက်လာတတ်သော အရာဝတ္ထုမျိုး မဟုတ်ပေ။

နှစ်ရှည်လများ၊ အချိန်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ပြီးမှ ရရှိ၊ ရောက်ရှိလာသော အရာဝတ္ထုတစ်ခုပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ဆိုရလျှင်-

အောင်မြင်မှုဟာ ရေရှည်ခရီးဝေးတစ်ခုပဲ။

ခရီးဝေးကိုသွားရတာ ဖြစ်ခြင်းကြောင့်

သတ်မှတ်ချက်တစ်ခုကိုတော့ ထားရပါလိမ့်မယ်။

သတ်မှတ်ချက်မရှိဘဲ သွားနေပါက

ရောက်သင့်တဲ့အချိန်မှာ ရောက်သင့်တဲ့နေရာကို မရောက်ဘဲ ဖြစ်နေပါလိမ့်မယ်။

နောက်ကျပြီးမှ ရောက်လာတဲ့ အခွင့်အရေးဆိုတာ

ထိုက်သင့်သလောက် တန်ဖိုးမရှိတော့ပါဘူး၊

တန်ဖိုးကျဆင်းသွားပါတယ်။

ဥပမာ-

ဆရာဝန်ဖြစ်ချင်တဲ့သူဟာ

တက္ကသိုလ်ဝင်တန်းကို နှစ်ပေါင်းများစွာ ဖြေဆိုနေလို့မဖြစ်ပါဘူး။

တကယ်တော့-

သတ်မှတ်ချက်ထားတယ်ဆိုတာ

ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးလိုက်တာပါ။

မိမိရဲ့ အားနည်းချက်ကို မိမိဘာသာ အချိန်မီ ပြုပြင်လိုက်တာပါ။

ကြိုးစားအားထုတ်မှုနည်းရင် ပိုမို ကြိုးစားအားထုတ်ဖို့ တိုက်တွန်းလိုက်တာပါ။

ဒီတော့-

အောင်မြင်ချင်တဲ့သူတစ်ယောက်ဟာ

ဘယ်အချိန်မှာ

ဘယ်အနေအထားရောက်နေရမယ်ဆိုတဲ့ သတ်မှတ်ချက်ကို ထားရမှာဖြစ်ပါတယ်။

□ □ □

## ကိုယ့်ကံကြမ္မာကိုယ်ဖန်တီး

အောင်မြင်ကြီးပွားတဲ့သူဆိုတာ
ကံစီမံရာအတိုင်း မျှော်ပါစီးဆင်းနေသူတစ်ယောက် မဟုတ်ပေ။

မိမိ ကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးနေသူသာဖြစ်၏။
စင်စစ် ကံတရားနှစ်မျိုးရှိ၏။
မြင်ရသော ကံ (ပစ္စုပ္ပန်)နှင့် မမြင်ရသောကံ(အတိတ်)ဖြစ်၏။
အတိတ်ကံကြမ္မာဟာ ကောင်းမွန်ပြီး ပစ္စုပ္ပန်မှာ ဘာမှ မလုပ်ဆောင်ဘဲ နေပါကလည်း ဘယ်လိုမှ မအောင်မြင်နိုင်ပေ။
အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့
ကိုယ့်ကံကြမ္မာကို ကိုယ် ဖန်တီးယူရ၏။
တကယ်တမ်းအားဖြင့် -
မိမိတို့ရဲ့ ဘဝတွေကို ကံကြမ္မာတရားက လုံးဝ ပြောင်းလဲသွားအောင် ဖန်တီးပေး၍မရပေ။

ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးမှုဖြစ်မယ်လို့ ယုံကြည်သတ်မှတ်ထားတဲ့လူဟာ မိမိ ဘာဖြစ်ချင်သည်ဆိုတာကိုသိပြီး မိမိ ဖြစ်ချင်တဲ့ဆန္ဒကိုလည်း မဖြစ်ဖြစ်အောင် လုပ်ဆောင်လေ့ရှိ၏။

မိမိ ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုကို

အခြားသူများက ဆုံးဖြတ်ပေး၍မရသလို မိမိ ဖြစ်ချင်သောဘဝကိုလည်း အခြားသူတစ်ယောက်က တည်ဆောက်ပေး၍မရပေ။

ကံကြမ္မာ အပြောင်းအလဲဆိုတာဟာလည်း

သူတစ်ပါးတို့ကြောင့် ဖြစ်သည်မဟုတ်

မိမိရဲ့ သတိမမူတဲ့ စိတ်ဓာတ်နှင့်လုပ်ရပ်ကြောင့်ပင် ကံကြမ္မာအပြောင်းအလဲဖြစ်စဉ်ဆိုတာ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

အမြဲတမ်း မိမိကိုယ်ကို သတိပြုမိနေသူအဖို့

ကံကြမ္မာ အပြောင်းအလဲဖြစ်ပေါ်ဖို့ဆိုတာ ဖြစ်နိုင်ချေနည်းပါးလှ၏။

သည်တော့-

မိမိ ဖြစ်ချင်တဲ့ဘဝကို

မိမိကိုယ်တိုင်ပဲ တည်ဆောက်ယူပါ။

❑ ❑ ❑

## ၄။ သူတစ်ပါး မထိခိုက်ပါစေနဲ့

ဘယ်အလုပ်ကိုပဲ လုပ်ဆောင်လုပ်ဆောင်

မိမိရဲ့ အကျိုးတရားတစ်ခုတည်းအတွက်နဲ့

တစ်ဖက်သားမှာ ထိခိုက်သွားတယ်၊ နာကျင်သွားတယ်၊ တရားမျှတမှုမရှိဘူးဆိုရင် ဘယ်တော့မှ မလုပ်ပါနဲ့။

တကယ် အောင်မြင်ကြီးပွားချင်တဲ့သူဟာ

သူတစ်ပါး ဒုက္ခရောက်မှ မိမိ သုခရောက်မယ့် အဖြစ်မျိုးကို ဘယ်တော့မှ မလုပ်ဆောင်တတ်ပါဘူး၊ အဲသည်လို လုပ်ဆောင်တာဟာလည်း တကယ်တမ်းအားဖြင့်တော့ လူတော်လူကောင်းတွေရဲ့ အလေ့အကျင့် မဟုတ်ပါဘူး။

တကယ်တမ်းအားဖြင့် -

မိမိကိုယ်ကို လူကောင်းတစ်ယောက်ဖြစ်အောင် လုပ်တာဟာ

မိမိတစ်ယောက်တည်းကောင်းဖို့ မဟုတ်ပါဘူး။

အများကောင်းစားဖို့ပဲ ဖြစ်ပါတယ်။

ဒီလိုပါပဲ-
မိမိကိုယ်ကို လူဆိုးတစ်ယောက်ဖြစ်အောင်
မလုပ်သင့် မလုပ်ထိုက်တဲ့အလုပ်တွေကိုပြုလုပ်တာဟာလည်း
မိမိတစ်ယောက်တည်း ထိခိုက်တာမဟုတ်ဘဲ
အများအားလုံးကို ထိခိုက်စေပါတယ်။
ဘာကြောင့်လည်းဆိုတော့
သဘာဝလောကကြီးဆိုတာ ပတ်ဝန်းကျင်နဲ့ဆက်စပ်ပြီးတော့
ရှင်သန်နေလို့ပါပဲ။
ဒါကြောင့်-
မိမိ အကျိုးကို တကယ်လုပ်မည်ဆိုပါက
သူတစ်ပါးအကျိုးကိုပါ ပြုလုပ်ပြီးသားပါပဲ။
ဒီလိုပါပဲ
သူတစ်ပါးအကျိုးကို တကယ်လုပ်ရင်
မိမိ အကျိုးကိုပါ ပြုလုပ်ပြီးသား ဖြစ်သွားတယ်။
ဒီတော့-
ကိုယ့်ကြောင့်
သူတစ်ပါး မထိခိုက်စေပါနဲ့။

□ □ □

## မူးယစ်ဆေးဝါးရှောင်ရှားပါ

အရက်သောက်ခြင်းစတဲ့ မူးယစ်ဆေးဝါးတွေဟာ လူတစ်ယောက်ရဲ့အသိဉာဏ်ကို တုံးသွားစေတတ်သလို အမှားတွေကို ပြုလုပ်ဖို့ကိုလည်း တွန်းအားပေးတတ်ပါတယ်။

အောင်မြင်တဲ့သူဆိုတာ-

ထက်မြက်တဲ့ အသိဉာဏ်နှင့် မှန်ကန်တဲ့ လုပ်ဆောင်ချက်ကို အသုံးပြုပြီးမှ ရရှိလာသောအရာပဲ ဖြစ်ပါတယ်။

အသိဉာဏ်တုံးရင် ဘာမှ အသုံးမဝင်ပါဘူး၊

လုပ်ရပ်အမှားဟာလည်း လမ်းမှားကိုပဲ ပို့ပါတယ်။

ဘယ်လောက်ပင်ထက်မြက်ပြီး တော်နေတဲ့ လူတစ်ယောက်ပင် ဖြစ်ပါစေ မူးယစ်ဆေးဝါးကို သုံးစွဲမိပါက သူ့ရဲ့ထက်မြက်မှုတွေဟာ လမ်းမှားကိုပဲ ရောက်သွားပါတယ်။

ဒေါသကြီးတဲ့လူတစ်ယောက်

အရက်သောက်ပြီး မူးယစ်နေပါက

စဉ်းစားဆင်ခြင်မှုမရှိဘဲ ကြီးမားတဲ့ အမှားတွေကို ပြုလုပ်ဖို့ လျှင်မြန်စွာ ဆုံးဖြတ်မိပါတယ်။

ဓားဟာ
မသွေးဘဲနဲ့ သစ်တုံးကိုခုတ်ရင်
ဓားသွားပဲ ပုံသွားတတ်ပါတယ်။
သည့်လိုပါပဲ
အောင်မြင်ချင်တဲ့ စိတ်ဓာတ်ကို
မူးယစ်ဆေးဝါးကြောင့် ပျက်ဆီးသွားတတ်ပါတယ်။
တကယ်တော့ မူးယစ်ဆေးဝါးဟာ
မအောင်မြင်သေးတဲ့လူကို ဘယ်လိုမှ မအောင်မြင်နိုင်အောင်၊
အောင်မြင်ပြီးသားလူကို ကျရှုံးမှုတွေနဲ့ တစ်ဖန်ပြန်ပြီးတော့ ရင်ဆိုင်ရအောင် ပြုလုပ်ပေးတတ်သလို မိတ်ဆွေကောင်းတွေကိုလည်း ရန်သူဖြစ်သွားအောင် ဖန်တီးတတ်ပါတယ်။

□ □ □

## စိတ်ထဲမှာ စွဲနေပါစေ

အောင်မြင်ကြီးပွားဖို့ဆိုရင် 'အောင်မြင်ကြီးပွားချင်သောစိတ်' ဟာ မိမိ နှလုံးသားဦးနှောက်ထဲမှာ စွဲမြဲနေဖို့ အထူးပင် လိုအပ်ပါတယ်။

တချို့က-

ကြီးပွားချင်စိတ်ရှိသော်လည်း အမြဲတမ်းတော့မရှိ တစ်ခါ တစ်ရံမှသာ ရှိနေလေ့ရှိ၏။

ဘစ်ခါတစ်ရံမှ ဖြစ်ပေါ်တတ်သောအရာဆိုတာ မိမိ ခေါင်းထဲမှာ အမြဲတမ်းရှိနေသော အရာကို ဘယ်လိုမှ မကျော်ဖြတ်နိုင်ပေ။

ဒါကြောင့်-

မိမိ ဦးနှောက်ထဲမှာ

အခြားသောအရာများထက် အောင်မြင်ချင်စိတ်က အခြား အလိုဆန္ဒများ၏အထက်က လွှမ်းမိုးကာ ရှိနေရပါမယ်။

အဲသည်လို ရှိနေမည်ဆိုပါက

အချိန်ကာလများစွာ မိမိရဲ့လုပ်ဆောင်ချက်တွေက

မိမိရဲ့ ဦးတည်ရာ ပန်းတိုင်ထံကို
မသိမသာဘဲဖြစ်ဖြစ်၊ သိသိသာသာပဲဖြစ်ဖြစ်
တွန်းပို့ပေးနေမှာ ဖြစ်ပါတယ်။
အောင်မြင်မှုမှာ
လျှပ်တစ်ပြက် ပြောင်းလဲမှုအကြီးအမားမျိုး မရှိပေ။
အောင်မြင်နေကြသော မည်သူမဆို
အောင်မြင်မှုတစ်ခုကို ပိုင်ဆိုင်ခွင့်ရဖို့
လှေကားထစ်ပေါင်းများစွာကို တစ်ခုချင်း ဖြတ်ကျော်လာခဲ့ရ၏။

အဲသည်လို လှေကားထစ်တွေ ဖြတ်ကျော်ရဲအောင်၊
ဖြစ်ကျော်ဖြစ်အောင်
မိမိတို့စိတ်ထဲမှာ
အောင်မြင်ချင်သော စိတ်ဓာတ်ဟာ စွဲမြဲနေဖို့ အထူးပင်လိုအပ်ပါတယ်။

□ □ □

## ကိုယ်ကျင့်တရား

ကိုယ်ကျင့်တရားဆိုတာ-

လူတစ်ယောက်ရဲ့ဘဝမှာ အသက်တမျှ အရေးပါအရာရောက်သော အရာတစ်ခုပဲ ဖြစ်ပါတယ်။

ကိုယ်ကျင့်တရားမကောင်းတဲ့သူဟာ

လက်ရှိ ပစ္စုပ္ပန်ဘဝမှာလည်း သူတစ်ပါးတွေရဲ့ အထင်သေးအမြင်သေးမှုတွေအောက်မှာ ဆင်းရဲပင်ပန်းစွာဖြင့် နေရသလို သေပြီးသည်၏ အခြားမဲ့မှာလည်း မကောင်းတဲ့ ဘုံဘဝဆိုးတွေကိုပဲ ရောက်ရှိလေ့ ရှိပါတယ်။

ကိုယ်ကျင့်တရားမကောင်းတဲ့သူအဖို့

မြင့်မြတ်တဲ့ အောင်မြင်မှုဆိုတာ မရှိပါဘူး။

တချို့လူတွေ

ကိုယ်ကျင့်တရားမကောင်းဘဲနဲ့ အောင်မြင်မှုတွေ ရကြတယ်ဆိုတာ တကယ်တမ်းအားဖြင့် တဒင်္ဂ ခဏသာ ရရှိလာတဲ့ အောင်မြင်မှုပဲ ဖြစ်ပါတယ်။

ထာဝရ အောင်မြင်မှု မဟုတ်ပေ။

ကိုယ်ကျင့်တရားဆိုတာ မိမိကိုယ်တိုင်လည်းကောင်းဖို့လို အပ်သလို၊ ကိုယ်ကျင့်တရားကောင်းတဲ့သူတွေနဲ့လည်း ပေါင်းသင်း ဆက်ဆံဖို့ လိုအပ်ပါတယ်။

ဘာကြောင့်လည်းဆိုတော့-

တစ်ခါတလေကျရင် မိမိရဲ့ မိတ်ဆွေတချို့က

မိမိကို မကောင်းတာလုပ်ဖို့ တိုက်တွန်းကြတယ်။

အဲဒါ ဘာကြောင့်လည်းဆိုပါက

သူတို့ကိုယ်တိုင်

ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အကောင်းဆုံး မထိန်းသိမ်း နိုင်တော့ မိမိ ပတ်ဝန်းကျင်ကလူတွေကိုလည်း သူ့လိုပဲ ဖြစ်စေချင် တာကိုး။

ဒါကြောင့်-

ကိုယ်ကျင့်တရားကောင်းအောင် ပြုကျင့်ပါ။

ကိုယ်ကျင့်တရားမကောင်းရင်

မည်သည့်ဘဝမှ မကောင်းနိုင်ပေ။

□ □ □

## အမှားကိုသိပါ

ရည်ရွယ်ချက်တွေ မဖြစ်မြောက်သေးတာ

အောင်မြင်မှုတွေ နှေးကွေးနေတာ

လုပ်တာတွေ လွဲချော်မှုတွေကြုံတဲ့အခါ လူတော်တော်များ များ သူတစ်ပါးကို အပြစ်မြင်လေ့ရှိပါတယ်။

တစ်ခါတလေကျရင်

အဲသည်အမှားတွေ၊ ချွတ်ယွင်းချက်တွေဟာ သူတစ်ပါး ကြောင့်မဟုတ်ဘဲ မိမိကြောင့်သာ ဖြစ်နေတယ်ဆိုတာကို တချို့က မသိသလို၊ တချို့ကလည်း မသိချင်ယောင် ဆောင်နေလေ့ရှိပါတယ်။

တကယ် မသိတာပဲဖြစ်ဖြစ်-

မသိအောင် မျက်ကွယ်ပြုတာပဲဖြစ်ဖြစ် ချွတ်ယွင်းချက်ရှိပြီ ဆိုရင် မပြည့်စုံတော့ပါဘူး။

လူဟာ-

ချွတ်ယွင်းချက် တစ်ခုကိုပဲဖြစ်ဖြစ်

အမှားတစ်ခုခုကိုပဲဖြစ်ဖြစ်

ပြုပြင်ချင်တယ်ဆိုရင်တော့ အရင်ဆုံး အဲသည်အမှားကို သိနေဖို့ လိုအပ်ပါတယ်။

မိမိ သိတဲ့အမှားကို မိမိကိုယ်တိုင်က လက်ခံရပါမယ်၊
ဝန်ခံရပါမယ်၊ မလိမ်ရဘူး၊
ဘာကြောင့်လည်းဆိုတော့
မိမိရဲ့အမှားကို
မိမိကိုယ်တိုင် လက်မခံနိုင်သေးသမျှကာလပတ်လုံး အဲသည်အမှားက အမှန်ဖြစ်လာမှာ မဟုတ်ပါဘူး။

သည်တော့-
အောင်မြင်ကြီးပွားချင်တဲ့သူဟာ
မိမိ အမှားကို မိမိကိုယ်တိုင်သိပြီး
ဝန်ခံပြီး၊ လက်ခံကာ ပြုပြင်မယ်ဆိုပါက အမှားဟာ အမှန်ဖြစ်လာပါလိမ့်မယ်။

❑ ❑ ❑

## လူမိုက်ကို မပေါင်းနဲ့

အောင်မြင်ကြီးပွားဖို့ဆိုရင်
လူမိုက်ကိုမပေါင်းဘဲ လူလိမ္မာတွေကို ပေါင်းရမယ်။
လူမိုက်ဆိုတာ
မိမိကိုယ်တိုင်က မကောင်းတာလုပ်သလို
သူတစ်ပါးကိုလည်း မကောင်းတာလုပ်ဖို့ တိုက်တွန်းတယ်။
လူလိမ္မာကတော့
မိမိကိုယ်တိုင်လည်း ကောင်းတာကို ပြုလုပ်သလို
သူတစ်ပါးကိုလည်း ကောင်းတာလုပ်ဖို့တိုက်တွန်းတယ်။
တစ်နည်းအားဖြင့်ပြောရရင်
လူမိုက်ဆိုတာ
မိမိ အကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား
ဘယ်အရာကိုမှ မပြုလုပ်ဘူး။
လူလိမ္မာကတော့

မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား

နှစ်ခုစလုံး တိုးတက်အောင်လုပ်တယ်။

တကယ် အောင်မြင်ကြီးပွားတဲ့သူဆိုတာ

မိမိ(အတ္တ)၊ သူတစ်ပါး (ပရ) နှစ်မျိုးစလုံးရဲ့ အကျိုးကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လေ့ရှိတယ်။

'ကိုယ်ကောင်းရင် ခေါင်းမရွှေ့ဘူး'ဆိုပေမယ့်

ကိုယ်ကြီးကမကောင်းသေးတော့ ခေါင်းကလည်း မခိုင်မာသေးခင်မှာ လူမိုက်ကို မပေါင်းတာဟာ အကောင်းဆုံးပဲ။

တစ်ခုတော့ရှိတယ်-

လူမိုက်ကို မပေါင်းသင်းတာဟာ အောင်မြင်ကြီးပွားကြောင်း တစ်ခုဖြစ်ပေမယ့် မိမိကိုယ်တိုင်က လူမိုက်မဖြစ်ဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

❑ ❑ ❑

## ထူးခြားသူ

ဟောသည် လောကကြီးမှာ
အောင်မြင်သူနှင့် မအောင်မြင်သူ
ကြီးပွားသူနှင့် မကြီးပွားသူ ဘယ်သူက ပို၍များပြားပါသလဲ ဆိုပါက အဖြေ အထူးပေးရန်မရှိ။

အောင်မြင်ကြီးပွားမှုနေရာဆိုတာကလည်း လျှောက်လှမ်းရတဲ့ ခရီးကကြမ်းသလို နေရာကလည်း ကျဉ်းလှ၏။

ဒါကြောင့်-

အောင်မြင်တဲ့သူတွေကို လူအများက ထူးထူးခြားခြား ဆက်ဆံကြ၊ မြင်တွေ့လေ့ရှိကြ၏။

ဒါဆိုလျှင်-

အောင်မြင်တဲ့သူတွေဟာ ဘာကြောင့် ထူးခြားနေရပါသလဲ။

အခြားကြောင့် မဟုတ်ပေ။

သူတို့ဟာလည်း အများနည်းတူ ရှုံးနိမ့်မှု၊ မကျန်းမာမှု၊ ဝမ်း

နည်းစိတ်ဖျက်ရမှု၊ အဆင်မပြေမှု စသော အရာတွေကို ထူးမခြားနား ခံစားခဲ့ရသူတွေဖြစ်၏။

သို့သော်-

သူတို့တွေဟာ အဆင်မပြေမှုတွေ တစ်ခါကြုံလာတိုင်း နောက်တစ်ခါ ထပ်မဖြစ်အောင် သူတို့ရဲ့စိတ်ဓာတ်တွေကို နိုးနိုးကြားကြား ရှိနေစေပါတယ်။

အားနည်းချက်တွေကို ပြုပြင်ကာ ကြံ့ခိုင်မာကျောသူတစ်ယောက်ဖြစ်အောင် ရပ်တည်ပါတယ်။

ထူးမခြားနား ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပြီး လူတကာထက် ထူးခြားသူတစ်ယောက်ဖြစ်လာအောင် ကြိုးစားခဲ့ကြပါတယ်။

တကယ်တော့-

ဖယောင်းတိုင်မရှိသူအတွက်တော့ အမှောင်ဟာ စိတ်ပျက်စရာကောင်းပြီး ဖယောင်းတိုင်ရှိသူအတွက်ကတော့ အမှောင်ဆိုတာ အလကားပါပဲ။

စိတ်ဓာတ်ရင့်ကျက်မှုဆိုတာ ဖယောင်းတိုင်ရှိသူလိုပါပဲ၊ ဘယ်လို အခက်အခဲ(အမှောင်)ကျရောက်ပါစေ ထူးခြားစွာ အောင်မြင်အောင် လုပ်ဆောင်တတ်ပါတယ်။

❑ ❑ ❑

## စိတ်ပျော်အောင်နေပါ

စိတ်ဓာတ်တက်ကြွပျော်ရွှင်တဲ့သူတွေဟာ ဘယ်အရာကိုပဲ လုပ်ဆောင်လုပ်ဆောင် သွက်လက်ထက်မြက်နေတဲ့အတွက် အားအင်တွေ ပိုမိုပြည့်ဝကာ မိမိ လုပ်ဆောင်ချက်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပါတယ်။

စိတ်ဆင်းရဲနေတဲ့သူတွေကတော့ ဘာကိုပဲလုပ်လုပ်အကောင်းဆုံးဖြစ်အောင် မလုပ်ဆောင်နိုင်ပါဘူး။

အောင်မြင်တဲ့သူဆိုတာ-

စိတ်ဓာတ်တက်ကြွပျော်ရွှင်စွာဖြင့် အလုပ်ကိုလုပ်တဲ့သူပဲ ဖြစ်ပါတယ်။

သည်နေရာမှာ-

စိတ်ဓာတ်တက်ကြွမှုဆိုတာ မူးယစ်ဆေးဝါး သောက်စားပြီး တက်ကြွတာကိုခေါ်တာမဟုတ်ဘဲ မိမိ ဖြစ်ချင်တဲ့အရာကို ပြီးမြောက်အောင်မြင်ဖို့ အာရုံစူးစိုက်နေတဲ့သူကို ခေါ်ဆိုတာဖြစ်ပါတယ်။

စိတ်ပညာမှာ-

စိတ်ဆင်းရဲမှုဆိုတာ အလွယ်ကူဆုံး ခံစားချက်ဖြစ်ပြီး

စိတ်ပျော်ရွှင်မှုဆိုတာ

လူတစ်ယောက်အတွက် အခက်ခဲဆုံး ခံစားချက်လို့ ဆိုပါတယ်။

အောင်မြင်မှုဆိုတာဟာ အခက်အခဲတွေကြားမှ ရယူရသော အရာတစ်ခုပဲ ဖြစ်ပါတယ်။

အဲသည်လိုဖြစ်ဖို့လူဟာ စိတ်ဓာတ်ပျော်ရွှင်နေရပါမယ်။

တကယ်တမ်းအားဖြင့်တော့ စိတ်ညစ်မှု၊ စိတ်ပျော်မှုဆိုတာ မွေးရာပါ ဗီဇနှင့် လုံးဝ မသက်ဆိုင်ပေ။

မိမိရဲ့ အနေအထိုင် အလေ့အကျင့်နှင့်သာဆိုင်၏။

မိမိ၏ စိတ်ပျော်ရွှင်တက်ကြွမှုကို မိမိဘာသာ ဖန်တီးပြီးတော့ ယူရ၏။

သူတစ်ပါးတို့ ဖန်တီးလို့မရ။

သူတစ်ပါးတို့ ဖန်တီးပေးသော ပျော်ရွှင်မှုဆိုတာ တကယ့် အောင်မြင်မှု မဟုတ်ပေ။

□ □ □

## အဆင်ပြေအောင် နေတတ်ပါစေ

အောင်မြင်မှုပန်းတိုင်ဆိုတာ

ကွင်းပြင်ကြီးတစ်ခုပေါ်မှာ သီးခြားစွာရှိနေသော အရာတစ်ခု မဟုတ်ပေ။ ရှုပ်ရှက်ခတ်နေသော ပတ်ဝန်းကျင်များကြားမှာရှိနေသော အရာတစ်ခုပဲဖြစ်ပါတယ်။

အောင်မြင်မှုပန်းတိုင်ကို ရယူဖို့ဆိုပါက

ပြိုင်ဘက်တွေ၊ ပတ်ဝန်းကျင်တွေကို ကျော်လွှားဖြတ်သန်းနိုင်မှပဲ ရရှိမှာဖြစ်ပါတယ်။

သည်တော့-

အများနဲ့သက်ဆိုင်သောအရာကို ရယူဖို့ဆိုပါက အများနဲ့ အဆင်ပြေအောင်နေတတ်ဖို့ အထူးပင် လိုအပ်ပါတယ်။

တချို့လူတွေ မအောင်မြင်တာ၊ အောင်မြင်ပါလျက်နဲ့ အောင်မြင်မှုကို မထိန်းသိမ်းနိုင်ဘဲ ပြန်ပြီးတော့ ကျရှုံးခဲ့ကြတာတွေဟာ တကယ်တမ်းအားဖြင့်တော့ အများနှင့် အဆင်ပြေအောင် မနေတတ်လို့ပဲ ဖြစ်ပါတယ်။

တကယ် အောင်မြင်တဲ့သူဆိုတာ-
လူတိုင်းကို အဆင်ပြေအောင် ဆက်ဆံနိုင်သူပဲ ဖြစ်ပါတယ်။
ဘာကြောင့်လည်းဆိုပါက-
အများနှင့်အဆင်ပြေအောင် နေတတ်တဲ့သူဟာ
ဘယ်ကိုပဲသွားသွား၊ ဘာကိုပဲလုပ်လုပ်
ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်နေတဲ့အတွက်
သူ့မှာ ရန်သူမရှိသလို၊ မိတ်ဆွေပဲ ရှိပါတယ်။
အနှောင့်အယှက်ပေးမယ့်သူထက် အကူအညီပေးသူက ပို ပြီးတော့ များပါလိမ့်မယ်။

တချို့က-
လူတိုင်းကို အဆင်ပြေအောင် ဘယ်လိုနေလို့ဖြစ်မလဲဟု ပြန် ၍မေးတတ်ပါတယ်။

အောင်မြင်တဲ့သူတွေမှာတော့
အဲသည် မေးခွန်းလည်းမရှိသလို
အဲသည်အတွက် အဖြေလည်း မလိုအပ်ပါဘူး၊
အဆင်ပြေသလို နေတတ်ခြင်းကပင်
အောင်မြင်မှုတစ်မျိုးဆိုတာကို သူက လက်ခံထားတာကိုး။

□ □ □

## သူတစ်ပါးကို အပြစ်မတင်နဲ့

အဆင်မပြေသောအရာတွေ ကြုံတွေ့လာတိုင်း မအောင်မြင် မကြီးပွားတဲ့သူတွေဟာ သူတစ်ပါးကိုပဲ အပြစ်မြင်လေ့ ရှိကြပါတယ်။

တကယ်တမ်းအားဖြင့်-

သူတစ်ပါးကို အပြစ်တင် အပြစ်မြင်လိုက်တာဟာ မိမိ အပြစ်ကို ဖုံးကွယ်လိုက်ခြင်းတစ်မျိုးပါပဲ။

ဘာကြောင့် သူတစ်ပါးကို အပြစ်တင်ရသလဲဆိုရင် မိမိဘာသာ ရင်ဆိုင်ဖြေရှင်းဖို့ ခံနိုင်ရည်မရှိလို့ပဲ ဖြစ်ပါတယ်။

ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် အောင်မြင်တဲ့သူတွေဟာ ရင်ဆိုင်ဖြေရှင်းလေ့ရှိပါတယ်။ သူတစ်ပါးကို အပြစ်မတင်ပါဘူး။

ရင်မဆိုင်တဲ့ ပြဿနာဟာ ပိုမို ဖိအားကြီးသလို ပိုမိုလည်း ကြီးထွားလာတတ်လို့ပါပဲ။

သည်နေရာမှာ-

သူတစ်ပါးကို အပြစ်မတင်ဘဲ မိမိဘာသာ ခံယူရမယ်ဆို တာ သူ့အပြစ်ကို မိမိအပြစ်လုပ်ခြင်း မဟုတ်ပါဘူး၊ မိမိ အောင်မြင်မှု မထိခိုက်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

သည်အတွက်-

အခက်အခဲကို ဘယ်လို ဖြေရှင်းရမလဲ

အကောင်းဆုံးနည်းလမ်းက ဘာလဲဆိုတာတွေကို ရရှိစေဖို့ ပဲ ဖြစ်ပါတယ်။

အခက်အခဲ ကြုံလာပြီဆိုရင် ဘယ်သူမဆို နဂိုမူလလောက် စိတ်ဓာတ်က မခိုင်မြဲတတ်ပါဘူး။

ယိမ်းယိုင်တတ်ပါတယ်။

အဲသည်လို အနေအထားမျိုးမှာ မိမိ ပြဿနာကို မိမိကိုယ် တိုင် မဖြေရှင်းဘဲ သူတစ်ပါးကိုသာ အပြစ်မြင်နေပါက သူတစ်ပါးက ထိခိုက်မှာမဟုတ်ဘဲ တကယ်တမ်း ထိခိုက်မှာ မိမိပဲ ဖြစ်ပါတယ်။

ဒါကြောင့်-

အောင်မြင်ချင်တဲ့သူဟာ

သူတစ်ပါးကို အပြစ်မတင်ပါဘူး၊

အပြစ်တင်မယ့်အစား အပြစ်ပြုပြီး ပြုပြင်ပေးလိုက်ပါတယ်။

□ □ □

## လက်စသတ်ပါ

တချို့သူတွေ-

ထူးချွန် ထက်မြက်ကြပါလျက်နဲ့ မအောင်မြင်ကြခြင်း အကြောင်းအရင်းကို အသေအချာ လေ့လာကြည့်သောအခါ ဘယ်အလုပ်ကိုပဲလုပ်လုပ် လက်စသတ်အောင် မပြုလုပ်ဘဲ ဟိုတစ်စ သည်တစ်စနှင့် တစ်ဝက်တစ်ပျက် လုပ်တတ်သော အကျင့်ကြောင့်ဖြစ်၏။

တကယ်တော့-

အောင်မြင်ကြီးပွားမှုဟူသည်

စိတ်ရှည်စွဲမြဲစွာဖြင့် မိမိအလုပ်ကို လက်စသတ်အောင်၊ ပြီးပြတ်အောင် လုပ်ဆောင်မှုဖြစ်၏။

မိမိအလုပ်ကို လက်စမသတ်တဲ့သူတွေဟာ

ဟိုနည်းနည်း၊ သည်နည်းနည်းဖြင့် အချိန်နှင့်စွမ်းအားတွေ ကုန်ဆုံးပြီး အောင်မြင်မှုရဲ့ အရသာကို မခံစားနိုင်ကြပေ။

တချို့က-

အောင်မြင်မှုကိုတော့ ကြီးကြီးမားမား မျှော်လင့်ကြ၏။

သို့သော်-

မိမိရဲ့အလုပ်ကိုတော့ ပြီးပျက်အောင်မလုပ်ဘဲ

အရေးမကြီးပါဘူး၊ ဒါက အသေးအမွှားတွေပဲဆိုကာ ပစ်ထားကြ၏။

ကြာလာတော့ အဲသည် အသေးအမွှားလေးတွကပင် မိမိကို ဒုက္ခပေးတော့၏။

အောင်မြင်ကြီးပွားမှုမှာ သေးငယ်သောအလုပ်ကိုဖြစ်စေ၊ ကြီးမားသောအလုပ်ကိုဖြစ်စေ ပြီးပြတ်အောင်၊ လက်စသတ်အောင် လုပ်ဆောင်ရမှာ အောင်မြင်မှု၏ မရှိမဖြစ် အမူအကျင့်တွေပဲ ဖြစ်ပါတယ်။

အလုပ်တစ်ခုကို စလုပ်မိပြီဆိုတာနဲ့ ပြီးပြတ်အောင်လုပ်ဆောင်ရမှာ အောင်မြင်ချင်တဲ့သူတွေရဲ့ တာဝန်ပါပဲ။

လက်စမသတ်နိုင်ရင်

အတိုအစတွေကို လက်စလိုက်သိမ်းရင်းနဲ့ပဲ

ဘဝဟာ နေဝင်သွားလိမ့်မယ်။

❑ ❑ ❑

## လူကြီးလူကောင်း ပီသပါ

လူဟာ

အသက်အရွယ် ကြီးရင့်လာတိုင်း လူကြီးလူကောင်းဖြစ်သည် တော့မဟုတ်၊ အသက်နှင့်အတူ ရရှိလာသော အောင်မြင်မှု၊ အသိဉာဏ် ရှိမှုကို အခြေခံပြီးတော့ လူကြီးလူကောင်းဆိုတဲ့ဂုဏ်ကို ရတာဖြစ်ပါ တယ်။

လူကြီးလူကောင်းဆိုတာ-

အသက်အရွယ်ကြီးရင့်တာနှင့် လုံးဝ မသက်ဆိုင်ဘဲ

ဘယ်လောက် အောင်မြင်သလဲ၊ လူငယ်တွေကို ဘယ်လို ဦးဆောင်နိုင်သလဲဆိုတဲ့အချက်ကို အခြေခံပြီးမှ သတ်မှတ်ရတာပဲ ဖြစ်ပါတယ်။

ဥပမာ-

လူငယ်နဲ့ လူကြီးဆက်ဆံရေးကိုပဲ ကြည့်ပါ။

လူငယ်တစ်ယောက် အမှားလုပ်ရင် အသက်ကြီးတဲ့လူတွေ

က အပြစ်လို့ သတ်မှတ်ကာ အပြစ်ပြောလေ့ရှိပေမယ့် တကယ့်လူကြီး လူကောင်းတွေကတော့ လူငယ်တစ်ယောက် အမှားလုပ်ရင် အပြစ်မပြောပါဘူး။

အပြစ်ပြောမယ့်အစား ပြုပြင်ပေးပါတယ်။
သည်လိုပါပဲ
လူကြီးလူကောင်းဖြစ်ချင်ရင်
အောင်မြင်အောင်လုပ်
အသိဉာဏ်တိုးအောင် လုပ်ရပါမယ်။

❑ ❑ ❑

## ဖွဲ

ဘယ်လို အနှောင့်အယှက်မျိုးတွေ ကြုံတွေ့ပါစေ ရင်ဆိုင်ဝံ့သူ၊ တစ်ခုဆိုတစ်ခု စွဲမြဲ ပြီးပြတ်အောင်လုပ်သူ၊ မိမိ ရည်မှန်းထားသော ပန်းတိုင်ရောက်အောင် အာရုံစူးစိုက်ပြီးလုပ်ဆောင်တဲ့သူကို ဖွဲရှိတဲ့သူဟု ခေါ်ပါတယ်။

အောင်မြင်မှုတိုင်းဟာ
ဖွဲမရှိဘဲနှင့် ဘယ်လိုမှ မရနိုင်ပေ။
သို့သော်-
လူတိုင်းကတော့ အောင်မြင်မှု မရရှိကြပေ။
အကြောင်းကား 'ဖွဲ' မရှိလို့ဖြစ်၏။

ဖွဲမရှိတဲ့သူတွေဟာ အနှောင့်အယှက်တစ်ခုခု ကြုံတွေ့တာနဲ့ စိတ်ပျက်အားငယ်သွားတတ်ကြတယ်၊ ရှေ့မဆက်ချင်ကြတော့ နောက်ဆုတ်ဖို့ပဲ စိတ်ဝင်စားတယ်။

တကယ်တော့-

ရှေ့ကိုသွားတဲ့သူဟာ ဘယ်တော့မှ နောက်ဆုတ်ဖို့ စိတ်မကူးသလို၊ နောက်ဆုတ်တဲ့သူဟာလည်း ဘယ်တော့မှ ရှေ့ကိုမရောက်ပါဘူး။

အထပ်ပေါင်းများစွာမြင့်သော တိုက်ကြီးတစ်ခုကို တည်ဆောက်တဲ့နေရာမှာ အုတ်ခဲတစ်လုံးချင်းစီ တက်သွားရမှာပဲ ဖြစ်ပါတယ်။

တစ်လုံးချင်း စီတက်သွားရင်းနဲ့ပဲ မြင့်မားသော တိုက်ကြီးတွေကို တည်ဆောက်ရတာ ဖြစ်ပါတယ်။

အဲသည်အတွက်

ဇွဲ မရှိလို့မရ။

ဇွဲမရှိတဲ့သူဟာ

ဘယ်အရာကိုပဲ လုပ်ဆောင်လုပ်ဆောင် ဆုံးခန်းဆိုင်အောင်၊ ပြီးပြတ်အောင် မလုပ်ဆောင်တဲ့အတွက် မည်သည့် အောင်မြင်မှုကိုမှ မရရှိနိုင်ပါဘူး။

❑ ❑ ❑

## လေးလေးစားစား ဆက်ဆံပါ

လူမှုရေးနယ်ပယ်မှာ-

လူသားခြင်း ဆက်ဆံပေါင်းသင်းရေးဆိုတာ အရေးအကြီးဆုံး အချက်အလက်တစ်ခုပဲ ဖြစ်ပါတယ်။

အောင်မြင်တဲ့ ဘဝတစ်ခုကို ဖန်တီး တည်ဆောက်ရာမှာလည်း လူမှုဆက်ဆံရေးဟာ အရေးအပါဆုံး အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။

လူမှုဆက်ဆံရေး မကောင်းတဲ့သူဟာ
မည်သည့်အောင်မြင်မှုကိုမှ မရနိုင်ပါဘူး။
အကောင်းဆုံး ဆက်ဆံရေးသမားဟာ
အအောင်မြင်ဆုံး ဘဝတစ်ခုကို ဖန်တီးနိုင်တယ်။
ဒါကြောင့်
လူမှုဆက်ဆံရေးကောင်းမွန်ဖို့
လူသားတိုင်းကို လေးလေးစားစား ဆက်ဆံဖို့လိုပါတယ်။

အလုပ်သမားဟာ

အလုပ်ရှင်ရဲ့ လေးစားတဲ့ ဆက်ဆံရေးကို အသိအမှတ်ပြုတဲ့ အနေဖြင့် မိမိအလုပ်ကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ပေးတယ်။

အလုပ်ရှင်ကလည်း

အလုပ်သမားရဲ့ လေးလေးစားစား ဆက်ဆံမှုကို အသိအမှတ် ပြုတဲ့အနေအားဖြင့် ရာထူးတိုးပေးဖို့ စိတ်ဝင်စားတယ်။

ဒါက-

အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးနယ်ပယ်တစ်ခုကိုသာ ချုံပြီးပြောလိုက်တာပါ။ တကယ်တမ်းအားဖြင့်ဆိုရလျှင် မည်သည့် နယ်ပယ်မှာမဆို တစ်ယောက်နဲ့တစ်ယောက် လေးစားခြင်းဟာ မိမိ အကျိုး၊ သူတစ်ပါးအကျိုးကို တိုးတက်ဖို့ အခွင့်အရေးကို ဖြစ်စေတယ်။

ဘာကြောင့်ဆိုရသလဲဆိုရင်

သူတစ်ပါးရဲ့ လေးစားမှုကို ခံယူချင်ဖို့

မိမိကလည်း သူတစ်ပါးပို လေးစားမှု ပြသရပါတယ်။

လေးလေးစားစား ဆက်ဆံရေးဟာ

အောင်မြင်ကြီးပွားမှုကို အကြီးမားဆုံး အထောက်အကူပေး နိုင်ပါတယ်။

□ □ □

## ယုံကြည်ချက် အပြည့်ထားပါ

အောင်မြင်ကြီးပွားမှု၌
အောင်မြင်ရမည်ဟူသော ယုံကြည်ချက်သည်
ရှိကိုရှိရမည့် အရာတစ်ခုပဲ ဖြစ်ပါတယ်။
အောင်မြင်ရမည်ဟူသော ယုံကြည်ချက်မရှိပါဘဲ
မည်သည့်အောင်မြင်မှုကိုမျှ မျှော်မှန်း၍မရနိုင်ပေ။
ယုံကြည်ချက်ရှိတဲ့သူဆိုတာ လူ့စွမ်းအားအရင်းအမြစ်ကိုဖြစ်ပေါ်စေဖို့ အကောင်းဆုံးပဲဖြစ်၏။
ယုံကြည်ချက်က စိတ်ဓာတ်ကို တွန်းအားပေး၏။
မသိသေးတာကို သိအောင်လုပ်ဖို့
မရှိသေးတာကို ရှိအောင်လုပ်ဖို့
မရသေးတာကို ရအောင်လုပ်ဖို့
နားမလည်သေးတာကို နားလည်အောင်လုပ်ဖို့
မကျွမ်းကျင်သေးတာကို ကျွမ်းကျင်အောင်လုပ်ဆောင်ဖို့ အကောင်းမွန်ဆုံး ဖိအားတွေကို ပေးပါတယ်။

သည်တော့-

ယုံကြည်ချက်ကပေးသော တွန်းအားကြောင့် မိမိမှာ အရည်အချင်းတွေရှိလာပြီဆိုပါက 'အောင်မြင်ရမည်' ဟူသော စိတ်ဓာတ်ဖြင့် ပေါင်းစပ်လိုက်သောအခါ အောင်မြင်မှုဟာလည်း မိမိထံကို အလိုလို ရောက်လာပါလိမ့်မယ်။

တချို့လူတွေ

လက်ရှိ အနေအထားကနေ တိုးတက်မလာတာ

လမ်းစတွေ့ပြီး ရှေ့ကိုမလျှောက်နိုင်တာတွေဟာ တကယ်တမ်းအားဖြင့်တော့ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်မရှိလို့ ဖြစ်၏။

ယုံကြည်ချက်မရှိက

အောင်မြင်မှုဆိုတာလည်း ရှိမလာနိုင်ပေ။

□ □ □

## ဆုံးဖြတ်ချက်မှန်ပါစေ

ခေါင်းဆောင်တစ်ယောက်မှ မဟုတ်ပါဘူး။

ဘယ်သူမဆို မိမိကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်လေ့ရှိကြပါတယ်။

ဆုံးဖြတ်ချက်မှားရင် ဘဝတိုးတက်မှုက နှောင့်နှေးပါတယ်။

တချို့ဆိုရင်

မိမိရဲ့ ဆုံးဖြတ်ချက် အမှားတစ်ခုကြောင့် ဘဝအောင်မြင်မှုတွေပါ ဆိတ်သုဉ်းသွားလေ့ရှိပါတယ်။

ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရတာဟာ လူတစ်ယောက်အတွက်တော့ အကြီးမားဆုံး အရာတစ်ခုပါပဲ။

ဒါဆိုလျှင် -

အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်မလဲ၊

သည်နေရာမှာ-

ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာကို ပြသလို့ မရပါဘူး၊ ဘယ်အချိန် ချမှတ်သင့်သလဲဆိုတာကိုပဲ ပြသလို့ရပါတယ်။

အောင်မြင်တဲ့သူတွေဟာ

ဆုံးဖြတ်ချက်တစ်ခုကို ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းသာ၊ ဝမ်းနည်း ကင်းနေတဲ့အချိန်မှာ စိတ်အေးစွာဖြင့် ချမှတ်လေ့ရှိပါတယ်။

အပျော်လွန်တာပဲဖြစ်ဖြစ်၊ အရမ်းဝမ်းနည်းတာပဲဖြစ်ဖြစ်
စိတ် သိပ်လှုပ်ရှားနေရင် ချမှတ်လို့မရပါဘူး။
ဒီတော့-
စိတ်လှုပ်ရှားမှုနည်းရင် အသိဉာဏ် ပိုရင့်ကျက်ပါတယ်။

အသိဉာဏ် ရင့်ကျက်တဲ့အခါ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ရင် ပိုပြီးတော့ မှန်ကန်ပါတယ်။

ဒါကြောင့်-
စိတ်လှုပ်ရှားမှုနည်းတဲ့အခါ
ဆုံးဖြတ်ချက်ကို ချပါ။

❑ ❑ ❑

## စိတ်အင်အား

လူတစ်ယောက်ဟာ အစာအာဟာရချို့တဲ့ပါက မည်သည့် အလုပ်ကိုမျှ ထိရောက်စွာ မလုပ်ဆောင်နိုင်ပေ။

အစာအာဟာရ ပြည့်ဝနေမှသာလျှင်

လုပ်ငန်းကိစ္စများကို အားအင်ပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင် ရွက်နိုင်မည်ဖြစ်၏။

ထို့အတူ-

ရုပ်အာဟာရအတွက် အစာအာဟာရရှိဖို့ လိုအပ်သလို (နာမ်) စိတ်အာဟာရဟာလည်း အားအင်ပြည့်ဝနေဖို့ လိုအပ်ပါတယ်။

စိတ်အင်အား ပြည့်ဝနေမှသာလျှင်

မိမိ မျှော်မှန်းထားသော ဘဝတစ်ခု ရောက်ရှိအောင် ကြိုးစား ပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အောင်မြင်ကြီးပွားတဲ့ ဘဝတစ်ခုကို ဖန်တီးတဲ့အခါ စိတ်အင် အား မပြည့်ဘဲ စိတ်ဓာတ်တွေ ကျဆင်းနေမည်ဆိုပါက ဘယ်လိုမှ ကြီးကျယ်ခမ်းနားမှုကို မျှော်မှန်း၍မရပေ။

တချို့လူတွေ မအောင်မြင်ခြင်းမှာ-

စိတ်လေနေခြင်း၊

စိတ်ရှုပ်ထွေးခြင်း၊

စိတ်ညစ်နေခြင်း၊

စိတ်ဓာတ်ကျဆင်းနေခြင်းတွေဟာ တကယ်တမ်းအားဖြင့်တော့ စိတ်အင်အား မပြည့်ဝလို့ ဖြစ်ရတာပဲ ဖြစ်ပါတယ်။

စိတ်အင်အား ကျဆင်းရင်

ရုပ်အင်အားပါ ကျဆင်းစေပါတယ်။

အောင်မြင်တဲ့ ဘဝဆိုတာ

ရုပ်အင်အားကော၊ စိတ်အင်အားပါ ပြည့်ဝနေမှ တည်ဆောက်လို့ရနိုင်တဲ့ အခြေအနေပဲ ဖြစ်ပါတယ်။

❑ ❑ ❑

## အရည်အသွေး တိုးတက်အောင်လုပ်

အရည်အချင်းတို့၊ အရည်အသွေးတို့ဟာ ဘဝအောင်မြင်မှုရဲ့ အဓိက အစိတ်အပိုင်းတွေဖြစ်တယ်ဆိုရင် အဲသည် အစိတ်အပိုင်းတွေ မိမိ ပြည့်စုံလာအောင် ဘယ်လို လုပ်ရမလဲ?။

လုပ်ပြီးတော့ ယူရပါမယ်။

မရှိသေးတာကို ရှိအောင်လုပ်လို့ရပါတယ်။

အရည်အသွေး မြင့်မားပြီး တန်ဖိုးကြီးမားလာတဲ့ ကျောက်တွေဟာ သဘာဝအတိုင်း ထွက်ရှိလာသည်တော့ မဟုတ်ပေ။ ကျောက်စရာတွေရဲ့အသွေးကို ခံပြီးမှ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

သည်လိုပါပဲ

ဘဝရဲ့ အခက်အခဲများ

အတားအဆီး ဝိတ်လျောင်မှုတွေဟာ

တကယ်တမ်းအားဖြင့်တော့ လူတစ်ယောက်ကို အရည်အချင်း ပြည့်မီလာအောင်၊ အရည်အသွေး တိုးတက်လာအောင် ပြုလုပ်ပေးနေတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

လူဟာ

ရည်မှန်းချက်ပန်းတိုင်လည်းရှိတယ်။

မိမိ ရည်မှန်းထားတဲ့ ပန်းတိုင်ကိုလည်း လေးစားယုံကြည်စွာဖြင့် ပြုလုပ်မည်ဆိုပါက အောင်မြင်မှုက ရရှိမှာပါပဲ။

အောင်မြင်မှုမရသေးခင် အတားအဆီးများကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။

အောင်မြင်မှုဆိုတာ

အတားအဆီးများကို မကျော်လွှားနိုင်ရင်မရ၊

အတားအဆီးများကို ကျော်လွှားဖို့ဆိုပါက အရည်အချင်းရှိရပါမည်၊ အရည်အသွေး ပြည့်ဝနေရပါမည်။

စစ်မှန်သော လူ့အရည်အသွေးဆိုတာ

ကြုံဆုံလာသမျှသော အတားအတီးများကို ဖြတ်ကျော်ရဲသော စိတ်ဓာတ်ပင်ဖြစ်၏။

❑ ❑ ❑

## ခိုင်းတတ်ပါစေ

အောင်မြင်ကြီးပွားချင်တဲ့သူဟာ
တစ်နေရာတည်းမှာ အမြဲတမ်း ရပ်နေတဲ့သူ မဟုတ်ဘူး၊
တစ်ဆင့်ပြီးတစ်ဆင့် ရွေ့လျားသွားတဲ့ သူပဲဖြစ်တယ်။
အလုပ်သမားကနေ
အလုပ်ရှင်ဖြစ်သွားတာပဲ။
တပည့်ဘဝကနေ ဆရာဘဝ ရောက်သွားတာဖြစ်တယ်။

အဲသည်လို လျှောက်လှမ်းတဲ့အခါ အုပ်ချုပ်ခံ ဘဝဟာလည်း မလွယ်ကူသလို အုပ်ချုပ်သူဖြစ်လာတဲ့အခါမှာလည်း မလွယ်ပါဘူး။

အုပ်ချုပ်ခံ လူတန်းစားဆိုတာ လုပ်တတ်ရင် ပြီးပါတယ်။

အုပ်ချုပ်သူကတော့ လုပ်တတ်ရုံနှင့် မပြီးပါဘူး၊ ခိုင်းတတ်ဖို့လည်း လိုပါတယ်။

တချို့သူတွေ-

အုပ်ချုပ်သူ လူတန်းစားဘဝကို ရောက်နေပေမယ့် အုပ်ချုပ်ခံ လူတန်းစားတွေရဲ့လေးစားမှု၊ ယုံကြည်မှု၊ အားကိုးမှုမရရှိတာဟာ မခိုင်းတတ်လို့ပါဘဲ။

ကြီးပွားမှုအရှိဆုံးလူဟာ
လုပ်တတ်၊ ခိုင်းတတ်တဲ့သူပဲ ဖြစ်တယ်။
လုပ်တတ်မှုဆိုတာ သင်ယူမှုဖြစ်ပြီး
ခိုင်းတတ်မှုဆိုတာ သင်ကြားမှုဖြစ်တယ်။
အောင်မြင်တဲ့သူဟာ
အောက်လက်ငယ်သားတွေကို ခိုင်းတဲ့အခါ
မိမိ ခိုင်းလို့ လုပ်ဆောင်တာမျိုး မဖြစ်စေဘဲ သူတို့ဘာသာ
မိမိ အလုပ်ကို လုပ်ဆောင်နေတဲ့စိတ်မျိုးဝင်အောင် ခိုင်းလေ့ရှိပါတယ်။

❑ ❑ ❑

## အောင်မြင်မှုလေးများကို တန်ဖိုးထားပါ

ကြီးကျယ်သော ဘဝတစ်ခုကို တည်ဆောက်ချင်တဲ့သူဟာ သေးငယ်သော အရာဝတ္ထုလေးများတွေကိုပင် အလေးထားဖို့ အထူးပင် လိုအပ်ပါတယ်။

အောင်မြင်မှုဆိုတာဟာလည်း သည်အတိုင်းပါပဲ

ကြီးကျယ်သော အောင်မြင်ခြင်းတရားတွေ ဖြစ်ပေါ်စေဖို့ဆိုပါက သေးငယ်သော အောင်မြင်မှုလေးတွေကိုပါ တန်ဖိုးထားဖို့ အထူးပင် လိုအပ်လို့ပါပဲ။

ဘာကြောင့်လည်းဆိုပါက-

အလုပ်သေးသေးလေးများကိုလုပ်ဆောင်လို့ မအောင်မြင်တဲ့အခါ ကြီးကျယ်သော အလုပ်တွေကို လုပ်ဆောင်ဖို့ မဝံ့မရဲ ဖြစ်လာလို့ပါပဲ။

ဒီလိုပါပဲ-

အောင်မြင်မှုအသေးများကို တန်ဖိုးထားပြီး လုပ်ဆောင်တဲ့အခါမှာလည်း ယုံကြည်စိတ်တွေက တိုးတက်ခိုင်မာလာပြီး ကြီးမား

သော အလုပ်များကို လုပ်ကိုင်ဆောင်ရွက်ဖို့ ခွန်အားသစ်တွေ တိုးလာပါတယ်။

ယုံကြည်စိတ်ဆိုတာဟာ

တစ်ခုပြီးတစ်ခု တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မှုရှိလေလေ ပိုပြီး ခိုင်မာလေဖြစ်၏။

ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ခိုင်မာလာတဲ့သူဟာ

ဘယ်အရာကိုပဲလုပ်လုပ် တန်ဖိုးထားပြီး လုပ်ဆောင်ပါတယ်။

တန်ဖိုးထားပြီး လုပ်ဆောင်တဲ့အတွက်

အောင်မြင်မှုက ရရှိလာပါတယ်။

ရရှိလာတဲ့ အောင်မြင်မှု အသေးအမွှားလေးများကို တန်ဖိုးထားခြင်းဟာ ကြီးကျယ်သော ဘဝတစ်ခုကို တည်ဆောက်ဖို့အကောင်းဆုံး စိတ်ဓာတ်တစ်ခု ဖြစ်၏။

❑ ❑ ❑

## ပစ္စုပ္ပန်ဘဝကိုအားကိုးပါ

လူဟာ 'အမှား'မကင်းသော သတ္တဝါ အမျိုးအစားပဲ ဖြစ်ပါတယ်။

အမှားမကင်းနိုင်တဲ့အတွက် တစ်ချိန်ချိန်မှာ အမှားတစ်ခုခုကို ကျူးလွန်မိလေ့ရှိပါတယ်။

အဲသည် အမှားတွေထဲမှာ တချို့အမှားတွေက လူကို တမြေ့မြေ့ စိတ်ဆင်းရဲမှုကိုပေး၏။ တွေးလိုက်တိုင်း နာကျင်ကြေကွဲစရာတွေဖြစ်ကာ ပစ္စုပ္ပန်ဘဝကိုတောင် အကောင်းဆုံးဖြစ်အောင် အသုံးမချနိုင်တော့ဘူး။

အဲဒါကတော့-

"တကယ်လို့သာ ငါဟာ အဲဒီ အလုပ်ကို မလုပ်ခဲ့ရင်"

"တကယ်လို့သာ အဲဒီအချိန်ဟာ ငါသာ ကောင်းခဲ့ရင်"

စသည် စသည်ဖြင့် အတိတ်က ဒဏ်ရာတစ်ခုကိုစွဲထင်ပြီးတော့ ပစ္စုပ္ပန်ဘဝကို အကောင်းဆုံး မတည်ဆောက်တော့။

သူ့ဘဝရဲ့ အကောင်းဆုံးအချိန်တွေဟာ အတိတ်ရဲ့တစ်နေရာမှာ ကျန်ခဲ့တယ်ဆိုကာ မိမိကိုယ်ကို သနားညှာတာပြီး ပစ္စုပ္ပန်ဘဝကို အကောင်းဆုံး မတည်ဆောက်တော့ပေ။

တကယ်တမ်းအားဖြင့်တော့-

မည်သူမဆို အကောင်းဆုံး အနေအထားတစ်ခုဆိုတာ အတိတ်မှာချည်း ရှိခဲ့တာမဟုတ်ပေ။ ပစ္စုပ္ပန်ဘဝတွင်သာ အကောင်းဆုံးဘဝကို တည်ဆောင်နိုင်၏။

အောင်မြင်တဲ့သူဟာ နောက်ကြောင်းကိုတွေးပြီး စိတ်ညစ်နေတဲ့သူ မဟုတ်ပေ။ ပစ္စုပ္ပန်ဘဝကိုသာ အကောင်းဆုံးဖြစ်အောင် ဖန်တီးနေသူဖြစ်၏။

အတိတ်ရဲ့အမှားကို တွေးနေတဲ့သူဟာ-

ကြာလာသည်နှင့်အမျှ အဲသည်အကြောင်းအရာက ခေါင်းထဲမှာစွဲနေကာ အကျင့်ကြီးတစ်ခုဖြစ်ကာ ရှေ့ဆက်လို့မရနိုင်ဘဲ ဖြစ်တတ်ပါတယ်။

ဒီတော့-

အောင်မြင်ချင်တယ်ဆိုရင်

ပစ္စုပ္ပန်ဘဝကိုသာ အားကိုးပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပါ။

□ □ □

## မကောင်းသော အကျင့်များကို ဖျောက်ပါ

အကျင့်ဟူသည်-

လူတစ်ယောက်၌ အမြဲမပြတ် ဖြစ်ပေါ်နေသော အရာတစ်ခု ဖြစ်၏။

ကောင်းတဲ့အကျင့်ပဲဖြစ်ဖြစ်၊ မကောင်းသောအကျင့်ဘဲဖြစ်ဖြစ် စွဲသွားပါက ဖျောက်ဖျက်၍မရနိုင်ပေ။

ကောင်းတဲ့အကျင့်ရှိခြင်းဟာ အောင်မြင်တိုးတက်စေဖို့ အခွင့်အလမ်းဖြစ်သလို မကောင်းတဲ့ အကျင့်ဟာလည်း ပျက်စီး ကျရှုံးဖို့ အခြေခံအကြောင်းတရားပဲ ဖြစ်ပါတယ်။

တချို့က-

မကောင်းသော အကျင့်လေးများ (ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း)ကို အသေးအမွှားလေးများဟု သတ်မှတ်ကာ မဖျက်ဘဲနေသဖြင့် ကြာလာသောအခါ စွဲသွားပြီး အသေးအမွှားမှ အကြီးအမားကြီးတွေ ဖြစ်သွားပါတယ်။

ကြီးမားသောအကျင့်ဟာ ဖျက်ဖို့ခက်၏။
အောင်မြင်ကြီးပွားချင်တဲ့သူဟာ
မကောင်းတဲ့ အကျင့်ဖြစ်ပါက သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ဖျက်ပစ်ရမှာ ဖြစ်ပါတယ်။

မကောင်းတဲ့ အကျင့်တစ်ခုကို ဖျောက်ရာ၌
စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်၏။

မိမိ စိတ်ကို မကောင်းသောအကျင့်ကြောင့် ထိခိုက်နစ်နာမှုကိုထည့်တွက်ကာ ပိုမိုကောင်းမွန်သော အနေအထားတစ်ခုရောက်အောင် ခိုင်မာပြတ်သားသည့် စိတ်ဓာတ်ဖြင့် ဆန့်ကျင်တိုက်ဖျက်နိုင်ရပါမည်။

တကယ်တော့-
မကောင်းတဲ့အကျင့်တစ်ခုကို ဖျောက်လိုက်တာဟာ
ကောင်းတဲ့အကျင့်တစ်ခုကို ဖန်တီးလိုက်ခြင်းပါပဲ။

□ □ □

## လူတွေကို နားလည်ပါ

လူသည်-

တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက်

စရိုက်ဝါသနာခြင်း မတူညီနိုင်ပေ။

စရိုက်ချင်း မတူညီသည့်အတွက် သူတစ်ပါးရဲ့ အလေ့အကျင့်များဟာ သင် ကြိုက်နှစ်သက်ချင်မှ ကြိုက်နှစ်သက်ပါလိမ့်မယ်။

ဒီလိုပါပဲ-

သင့်ရဲ့ လေ့စရိုက် အမူအကျင့်များကိုလည်း သူတစ်ပါးက ကြိုက်နှစ်သက်ချင်းမှ ကြိုက်နှစ်သက်ပါလိမ့်မယ်။

ဒါက သဘာဝတရားဖြစ်၏။

တချို့က-

အဲသည် သဘာဝတရားကို နားမလည်ပါဘဲ တစ်ဖက်သားကို နေရင်းထိုင်ရင်း ကြည့်မရသည့် အကျင့်များ စွဲကပ်နေတတ်၏။

တစ်ဖက်သားကို မိမိ ကြည့်မရရင်
မိမိကိုလည်း တစ်ဖက်သားက ကြည့်ရဖို့မလွယ်ပေ။

သည်လို တစ်ဖက်သားကို နားလည်မှုမပေးနိုင်ပါက တစ်ဖက်သားရဲ့ စိတ်ဝင်စားမှုကို မရနိုင်ပေ။

သူတစ်ပါးရဲ့ စိတ်ဝင်စားမှုမရတဲ့သူအတွက် တစ်ဖက်သားကို မိမိဘက်ပါအောင် ဘယ်လိုမှ မစည်းရုံးနိုင်ပေ။

အောင်မြင်တဲ့သူဆိုတာ-

တစ်ဖက်သားက မိမိကို စိတ်ဝင်စားအောင် လွှမ်းမိုးထားနိုင်သူဖြစ်၏။

လူဟာ-

မိမိကိုယ်တောင်မှ စိတ်တိုင်းမကျနိုင်သေးရင် သူတစ်ပါးကို စိတ်တိုင်းကျဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။

ဒီတော့-

တစ်ဖက်သားရဲ့ အမူအကျင့်များသည် မိမိကို တိုက်ရိုက်မထိခိုက်ဘူးဆိုပါက သူ၏အမူအရာ ဘယ်လိုပင်ဖြစ်ပါစေ မိမိ အောင်မြင်မှုက အဓိက ဖြစ်သည့်အတွက် တစ်ဖက်သားကို နားလည်ပေးပါ။

□ □ □

## နောက်ထပ် နည်းလမ်းရှာပါ

တစ်ခါက ယင်ကောင်လေးတစ်ကောင်ဟာ မှန်လုံခန်းထဲမှာ ပိတ်မိနေပါတယ်။ သူက အပြင်ကို ထွက်ချင်တယ်၊ ဒါပေမယ့် ထွက် လို့မရဘူး ဖြစ်နေတယ်။

သူ အပြင်ထွက်လို့မရတာဟာ ထွက်ပေါက်ပိတ်နေလို့ဖြစ်တာလို့ သူက မထင်ဘူး၊ သူ့စိတ်ထဲမှာထင်နေတာက အားပြင်းပြင်းနဲ့ ဝင်ဆောင့်ရင် မှန်ကွဲသွားမယ်လို့ သူက ထင်တယ်။

ဒါကြောင့် သူက အားအင်အပြည့်နဲ့ မှန်ကို ဝင်ဆောင့်တယ်၊ မရဘူး၊ နောက်ဆုံးတော့ အားအင်ပြတ်ပြီး သူ သေသွားတယ်။

တစ်ခုပဲ ပြောစရာရှိတယ်။

သူ ဝင်ဆောင့်တဲ့ မှန်ရဲ့အပေါ်မှာ လေဝင်လေထွက်ပေါက် တစ်ခုရှိတာကို သူက မသိဘူး ဖြစ်သွားတယ်။

ဒီလိုပါပဲ-

တစ်ခါတလေကျရင်

အောင်မြင်တဲ့ ဘဝတစ်ခုကို တည်ဆောက်တဲ့ နေရာမှာ အတားအဆီးတွေ ဝင်လာတတ်တယ်။

အတားအဆီး အဟန့်အတားတွေ ဖြစ်ပေါ်တဲ့အခါမှာ

ယင်ကောင်လိုမျိုး ထွက်ပေါက်တစ်ခုထဲကနေ မရ,ရအောင် ထွက်မယ်။

အဖြစ်ဖြစ်အောင်လုပ်မယ်။

အဲသည်လို စိတ်ကူးတွေနဲ့ လုပ်ဆောင်တဲ့အခါ မိမိရဲ့စွမ်းအားတွေ ကုန်ခန်းသွားနိုင်ပါတယ်။

အထပ်ထပ်လုပ်ဆောင်လို့ မဆင်မပြေတဲ့အခါ

နောက်ထပ် ထွက်ပေါက်တစ်ခုရှိသေးလားဆိုတာကို

ရှာကြည့်ဖို့ လိုပါသေးတယ်။

❑ ❑ ❑

၁

## ကောင်းတဲ့အချက်ကို အသိအမှတ်ပြုပါ

လူတစ်ယောက်ဟာ ဘယ်လောက်ပင် ဆိုးနေ၊ မိုက်နေပါစေ
အဲသည်လူမှာ အသေအချာ ရှာကြည့်ရင်
ကောင်းတဲ့ အချက်အလက်တစ်ခုကတော့ ရှိနေတတ်ပါတယ်။

လူဟာ-
အစွမ်းအစတွေများစွာဖြင့် ရှင်သန်နေတာဖြစ်တဲ့အတွက်
အစွမ်းအစမဲ့တဲ့သူ၊ ကောင်းတဲ့အချက် လုံးဝ ရှာမရတဲ့သူ၊ ကောင်းတဲ့အချက် မရှိတဲ့သူရယ်လို့ မည်သူ တစ်ဦးတစ်ယောက်မှ မရှိပေ။

လူတစ်ဦးမှာ
ကောင်းတဲ့ အချက်တစ်ခုခု ရှိနေရင်
အဲသည် ကောင်းတဲ့အချက်ကို မိမိက အသိအမှတ်ပြုပြီး မိမိရဲ့အောင်မြင်မှုမှာ အသုံးပြုပါ။

တစ်ခါတစ်လေကျရင်-

သူ့မှာရှိတဲ့ အရည်အချင်းမျိုးဟာ မိမိမှာပင် မရှိတတ်တာကို တွေ့ရပါတယ်။

ဒီတော့-

သူ့မှာရှိတဲ့ ကောင်းတဲ့ အရည်အချင်းကို မိမိက လေးလေးစားစား အသိအမှတ်ပြုနိုင်ရပါမယ်။

ကောင်းတာကို အသိအမှတ်မပြုရင်

သူ့မှာရှိတဲ့ ကောင်းမွန်တဲ့ အရည်အချင်းမျိုးဟာ မိမိမှာရှိလာဖို့ မလွယ်ပါဘူး။

လူဟာ-

ကိုယ် တန်ဖိုးထားတဲ့အရာတွေကို

ကိုယ်က ရအောင် ဖန်တီးနိုင်တာ ဖြစ်ပါတယ်။

ကိုယ် တန်ဖိုးမထားတာကို

ဘယ်လိုမှ မရနိုင်လို့ပါပဲ။

❑ ❑ ❑

## အလိုရှိရာကို ရယူပါ

ဘဝရည်မှန်းချက် တိကျခိုင်မာခြင်းဆိုတာ

တကယ်တမ်းအားဖြင့်တော့

မိမိ ဘာကို အလိုရှိတယ်ဆိုတာကို အတိအကျ သတ်မှတ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

အလိုရှိရာကို အတိအကျ သတ်မှတ်လိုက်ပြီဆိုတာနဲ့

အလိုရှိရာကို ရယူဖို့နည်းလမ်းကို ရှာဖွေရတော့မည်ဖြစ်၏။

နည်းလမ်းတွေ့ပြီဆိုတာနဲ့

မိမိဘဝရဲ့ နေ့စဉ် အချိန်ကာလတွေကို အဲဒီ အလိုရှိရာကို ရရှိစေဖို့ ပြုလုပ်ဆောင်ရွက်ရမှာဖြစ်၏။

အချိန်ကာလ အများစုကို

မိမိ အလိုရှိရာ ရပ်ဝန်းတစ်ခု၌ စနစ်တကျ နှစ်မြှုပ်ခြင်းဟာ တကယ်တော့ ထိုအလိုရှိရာနှင့်ပတ်သက်ပြီး အားသာချက်၊ အားနည်းချက်တို့ကို သိစေနိုင်၏။

မည်သည့်နယ်ပယ်၌မဆို

အားသာချက်နှင့် အားနည်းချက်ကိုသိပြီး

အားနည်းချက်ကိုပြုပြင်ပြီး အားသာချက်အတိုင်း ဆောင်ရွက်မည်ဆိုပါက အောင်မြင်ကြီးပွားဖို့နည်းလမ်း ဖြစ်၏။

ဒီတော့-

သင်ဟာ အောင်မြင်ကြီးပွားချင်တယ်ဆိုရင်

သင့်ရဲ့

အချိန်ကာလအများစုဟာ

သင် အလိုရှိရာကို ရယူနေသော အချိန်များဖြစ်အောင် ကြိုးစားပါ။

❑ ❑ ❑

## ကြိုတင်ပြင်ဆင်ပါ

ခရီးတစ်ခုကိုသွားတဲ့အခါမှာ

လမ်းမှာ စားမည့်အစာ၊ သောက်မည့်ဆေး မိမိနှင့် တစ်ပါတည်း ရှိနေသင့်သောအရာများကို ကြိုတင်ပြင်ဆင်ပြီး ယူသွားလေ့ရှိတတ်ကြပါတယ်။

ဒါမှလည်း

သွားရမယ့် လမ်းခရီးမှာ အဆင်ပြေမှာကိုး။

ဒီလိုပါပဲ

မိမိ ရည်မှန်းချက် ပန်းတိုင်ခရီးကို လျှောက်လှမ်းမယ့်သူဟာလည်း ကြိုတင် ပြင်ဆင်ထားသင့်ပါတယ်။

ကြိုတင်ပြင်ဆင်မှုဟာ

အခက်အခဲတချို့ကို ပြေပျောက်စေပါတယ်။

ရည်ရွယ်ချက်ပန်းတိုင်ကိုသွားဖို့

ဘယ်လမ်းက သွားရမလဲ

လမ်းကြောင်းကော ဖြောင့်ရဲ့လား
ဘယ်လို အန္တရာယ်တွေ ကျရောက်သလဲ
ဘယ်သူတွေကို အမှီပြုပြီး သွားရမလဲ
ဘာတွေကို ဆောင်ထားသင့်သလဲ

ဘယ်လို စကားတွေ ပြောဆိုရမလဲ စသည်ဖြင့် မိမိ ရည်မှန်းချက်ပန်းတိုင်အတွက် ကြိုတင်ပြင်ဆင် စီမံကိန်း ချမှတ်ထားဖို့လိုပါတယ်။

ကြိုတင် စီမံကိန်းချမှတ်ထားတာတောင်မှ
အခက်အခဲတွေက ကြုံလာသေးရင်
ကြိုတင် ပြင်ဆင်မှု မရှိထားပါက

အခက်အခဲတွေက မိမိ ထင်မှတ်မထားတဲ့ နေရာကနေ ဝင်လာပါလိမ့်မယ်။

ဒါကြောင့်-
ဘယ်အရာကိုပဲ လုပ်ဆောင်လုပ်ဆောင်
ကြိုတင်ပြင်ဆင်ပြီး လုပ်ဆောင်ပါ။

❑ ❑ ❑

## လမ်းမပျောက်စေနဲ့

အောင်မြင်ကြီးပွားတဲ့သူဆိုတာ
ရည်ရွယ်ချက်ပန်းတိုင်ကို မြင့်မြင့်မားမားထားပြီး
ဘယ်လိုအခြေအနေမျိုးရောက်ရောက်
ဘယ်နေရာကိုပဲရောက်ရောက်

မိမိ ရည်ရွယ်ချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ရဲ့ဝံ့စွာဖြင့် လျှောက်လှမ်းနေတဲ့သူပဲ ဖြစ်ပါတယ်။

လမ်းဆိုတာ-
စလျှောက်မိပြီးဆိုတာနဲ့ မရပ်တန့်ပါနဲ့တော့

ရပ်တန့်လိုက်တာနဲ့ ရှေ့ကို မျက်ခြည်ပြတ်သွားပြီ၊ တဖြည်းဖြည်း လမ်းဘေးကိုရောက်သွားကာ မိမိ ဦးတည်ချက်ရဲ့ အခြားတစ်နေရာကိုရောက်သွားလေ့ ရှိတတ်ပါတယ်။

တချို့က-
လမ်းတော့ မပျောက်ပါဘူး၊

ဒါပေမယ့် လမ်းလည်း မလျှောက်ပါဘူး၊

လမ်းမပျောက်တာဟာ ရည်ရွယ်ချက်အတိုင်း ရှိနေတာဖြစ်ပေမယ့် လမ်းမလျှောက်တာကတော့ ရည်ရွယ်ချက်တွေ ပြည့်မီအောင် မဆောင်ရွက်တာပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ဆိုရပါက

သမားရိုးကျ နည်းလမ်းဖြင့် လုပ်ဆောင်မှုမျိုးကို ခေါ်တာဖြစ်ပါတယ်။

ထူးခြားမှု၊ တိုးတက်မှု၊ ဖွံ့ဖြိုးမှုတွေ ရပ်တန့်နေတာပါ။

လမ်းမလျှောက်တာဟာ

တကယ်တမ်းအားဖြင့်တော့

လမ်းပျောက်ခြင်း တစ်မျိုးပါပဲ။

❑ ❑ ❑

## ဆန့်ကျင်ဘက် မပြောပါနှင့်

လူဟာ-

တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်ဖို့ပဲဖြစ်ဖြစ်၊ ရန်သူဖြစ်စေဖို့ပဲဖြစ်ဖြစ် တစ်ခုခုကို ဖြစ်စေနိုင်ဖို့ အခြေခံအကြောင်းတရားသည် စကားပြောဆိုမှုက စတင်၏။

မိမိ ပြောဆိုလိုက်သော စကားတစ်ခွန်းသည်

တစ်ဖက်သားကို စိတ်ကျေနပ်မှုဖြစ်စေပါက

မိတ်ဆွေဖြစ်ဖို့ အားကောင်းသွားပြီး

မိမိရဲ့စကားကြောင့်

တစ်ဖက်သား စိတ်ဆင်းရဲသွားမည်ဆိုပါက တစ်ဦးနဲ့တစ်ဦး ရန်သူဖြစ်ဖို့ ဦးတည်သွား၏။

ဒါကြောင့်

စကားပြောသည့်အခါ

မိမိရဲ့အကျိုးအတွက် ဘာတစ်ခုမျှ မဖြစ်ပေါ်သည့်အခါ တစ်ဖက်သားကို မလိုအပ်ပါဘဲ ဆန့်ကျင်ဘက်စကားကို မပြောမိပါစေနဲ့။

ပြောခြင်းဖြင့် အကျိုးမရှိနိုင်ပေ။

ဆန့်ကျင်ဘက်စကားကို ပြောခြင်းဖြင့် သူကလည်း စိတ်ဆင်းရဲကာ သင့်ကို အငြိုးအတေး ထားလိမ့်မည်။

ပြောမိတဲ့သင်ဟာလည်း အဲသည် စကားကို မပြောမိထက်ပိုပြီးတော့ စိတ်ညစ်ရလိမ့်မည်။

နှစ်ဦးစလုံးအတွက် မကောင်းပေ။

ဒီတော့-

ဆန့်ကျင်ဘက်စကားကို ပြောမည့်အစား

သူတစ်ပါး နှစ်သက်စေမည့် စကားကိုပြောခြင်းဖြင့် အကျိုးရှိအောင် လုပ်ပါ။

❑ ❑ ❑

## စစ်မှန်သော အောင်မြင်မှု

လောကမှာ တချို့လူတွေဟာ၊
ပစ္စည်းဥစ္စာတွေပေါများတယ်၊ ရာထူးအာဏာလည်း ရှိတယ်၊
အောင်မြင်တဲ့ ဘဝကိုလည်း ပိုင်ဆိုင်ကြတယ်။
ဒါပေမယ့်-

သူတို့ရဲ့ အောင်မြင်ကြီးပွားမှုဟာ ရိုးသားမှုမရှိဘူး၊ မျှတမှုမရှိ၊ မတရားသဖြင့် ရရှိလာသော အရာတွေဖြစ်ပါက အဲသည်တိုးတက် မှုတွေကို စစ်မှန်တဲ့ အောင်မြင်ကြီးပွားမှုလို့ မခေါ်ဆိုပါဘူး။

တကယ်တော့
မရိုးသားခြင်းတွေ၊ မမျှတမှုတွေလုပ်ပြီး
သူတစ်ပါး ဒုက္ခရောက်ပြီးမှ ရရှိလာတဲ့
အောင်မြင်မှုတွေကို စားသုံးရတာဟာ အဆိပ်တွေကို စားသုံးရသလိုပါပဲ။

သူတို့ကိုယ်တိုင်လည်း မပျော်ရွှင် မချမ်းမြေ့သလို

သမိုင်းကြောင်းလည်း မကောင်းပါဘူး။

စစ်မှန်တဲ့ အောင်မြင်မှုဆိုတာ

ရိုးသားမှုရှိပြီး၊ တရားမျှတစွာဖြင့် မိမိကြောင့် သူတစ်ပါး ဒုက္ခမရောက်ဘဲ ရရှိလာတဲ့ အရာဝတ္ထုကိုပြောတာ ဖြစ်ပါတယ်။

အဲသည် အောင်မြင်မှုဟာ

ရိုးသားမှုကို အခြေခံထားတဲ့အတွက်

စိတ်ဓာတ်ကော အသိဉာဏ်ပါ ရင့်ကျက်ဖွံ့ဖြိုးပြီး လွတ်လပ်နေပါတယ်။

ဒါကြောင့်-

စစ်မှန်တဲ့ အောင်မြင်မှုကို

ရရှိအောင်လုပ်ပါ။

ခိုင်မြဲတည်တံ့ပါတယ်။

□ □ □

## အခွင့်အရေး

တစ်ခါတလေကျရင်
မိမိ ရည်ရွယ်ထားတဲ့ အရာတွေ ဖြစ်ပေါ်မလာသေးခင်
မရည်ရွယ်ထားတာတွေကို လုပ်ဆောင်ရလေ့ရှိပါတယ်။
တစ်နည်းအားဖြင့်
လုပ်ချင်တဲ့အလုပ်ကို လုပ်လို့မရသေးခင်
လုပ်သင့်တဲ့အလုပ်ကို လုပ်နေရတဲ့ ကာလတွေ ရှိနေတတ်ပါတယ်။

အောင်မြင်တဲ့သူဆိုတာ
လုပ်ချင်တဲ့အရာကို မပြုလုပ်ရလို့ လုပ်သင့်တာကို ပြုလုပ်နေရပေမယ့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပါတယ်။
အကောင်းဆုံး လုပ်ဆောင်နေတဲ့သူအတွက်
အကောင်းဆုံး အခွင့်အရေးတွေက ဝင်လာတတ်ပါတယ်။
တစ်ခါတလေကျရင်

တချို့ အခွင့်အရေးတွေက
မိမိ ထင်မှတ်မထားတဲ့ ရှုထောင့်တစ်နေရာကနေ ဝင်လာတတ်ပါတယ်။
အရေးကြီးတာက
လုပ်ချင်တာကိုပဲ ပြုလုပ်ပြုလုပ်
လုပ်သင့်တာကိုပဲ ပြုလုပ်ပြုလုပ်
ကိုယ်စွမ်းကိုယ်စ ပြည့်ဝစွာဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ဖို့ပါပဲ။
အဲသည်ကျရင်
အခွင့်အရေးတွေက
လုပ်သင့်တာကို လုပ်ဆောင်နေရင်းက
လုပ်ချင်တာတွေကို လုပ်ဆောင်လာနိုင်ပါလိမ့်မယ်။
တကယ်တော့-
အခွင့်အရေးဆိုတာ
အလကား ဘာမှမလုပ်ဘဲ ထိုင်နေတဲ့သူထံကို လုံးဝမရောက်လာတတ်ပါဘူး။

❑ ❑ ❑

## စည်းကမ်းဖြင့်နေပါ

အောင်မြင်တဲ့လူတစ်ယောက် ဖြစ်ဖို့ဆိုပါက

စည်းကမ်းဖြင့်နေတတ်တဲ့အကျင့်ဟာ မရှိမဖြစ် လိုအပ်သော အရာတစ်ခုပဲ ဖြစ်ပါတယ်။

တကယ်တမ်းအားဖြင့်တော့-

စည်းကမ်းရှိခြင်း၊ စည်းကမ်းဖြင့်နေတတ်ခြင်းဟာ မိမိကိုယ်ကို ချုပ်နှောင်မှုမဟုတ်ပေ။ မိမိဘဝ တိုးတက်အောင်မြင်ဖို့ အကြောင်းတရားဖြစ်၏။

စည်းကမ်းဖြင့်နေတဲ့ နေရာမှာလည်း

မိမိအတွက် ပညတ်ထားတဲ့ စည်းကမ်းဟာ သူများစည်းကမ်းထက် ပိုပြီးတော့ တင်းကြပ်ရပါမယ်။

တင်းကြပ်တဲ့စည်းကမ်းဖြင့် စားတဲ့နေရာ၊ ဝတ်တဲ့နေရာ၊ လုပ်တဲ့နေရာ၊ ပြောတဲ့နေရာ စသည်ဖြင့် နေလေ့ရှိရင် သူများက မိမိကို အပြစ်ပြောစရာ မရှိတော့ပေ။

တကယ်တမ်းအားဖြင့်
စည်းကမ်းဖြင့်နေတဲ့သူဟာ
မိမိကိုယ်မိမိလည်း လေးစားမှုရှိသလို
သူတစ်ပါးကလည်း မိမိကို လေးစားမှု ရှိပါတယ်။
သူတစ်ပါးရဲ့ လေးစားမှုကို လိုချင်တဲ့သူဟာ
မိမိကိုယ်မိမိလည်း လေးစားမှုရှိအောင် နေတတ်ရပါမယ်။
စည်းကမ်းဖြင့်နေတဲ့အကျင့်ဟာ
မိမိကိုယ်မိမိ လေးစားအောင် လုပ်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။
မိမိကိုယ်မိမိ လေးစားအောင်လုပ်တာဟာ
မိမိဘဝ တိုးတက်အောင်မြင်အောင် လုပ်ခြင်းပါပဲ။

□ □ □

## သဘောထားကြီးပါ

လူကြီးလူကောင်းတစ်ယောက်ဖြစ်ဖို့
လူတိုင်းနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်ဖို့
မိမိ ရည်ရွယ်ရာ ပန်းတိုင်ကို ရယူနိုင်ဖို့ဆိုပါက
စိတ်သဘောထား ကြီးကြီးထားရပါမယ်။
သဘောထားကြီးတဲ့သူဟာ
သူတစ်ပါးနှင့် အတိုက်အခံ အဖြစ်မခံပါဘူး။

တစ်ဖက်သားနှင့် မတူညီသော အယူအဆများကို မတူညီသော သူများအပေါ်မှာ နားလည်မှုပေးနိုင်ပါတယ်။

တစ်နည်းအားဖြင့် -

စိတ်တံခါးကို ဖွင့်ထားနိုင်သူ ဖြစ်ပါတယ်။

စိတ်တံခါးကို ဖွင့်ထားတဲ့အတွက် မတူညီသော အယူအဆများကိုလည်း လက်ခံပေးနိုင်ပါတယ်။

လူတိုင်းနှင့်လည်း အဆင်ပြေသည့်အတွက် အခွင့်အရေးကောင်းများကိုလည်း မြင်နိုင်ပါတယ်။

လူဟာ-

တစ်ဦးတစ်ယောက်တည်း မြင်တဲ့အမြင်နဲ့ အများရဲ့အမြင်ဟာ တစ်ထပ်တည်း မကျနိုင်ပါဘူး။

ဒီလိုပါပဲ

တစ်ယောင်တည်း ဆောင်ရွက်လို့ရတဲ့ အကျိုးရလဒ်နဲ့ အများနဲ့ပူးပေါင်းဆောင်ရွက်လို့ ရရှိတဲ့ အကျိုးရလဒ်ဟာလည်း ကွာခြားပါတယ်။

ဒီတော့

သေးငယ်တဲ့ စိတ်သဘောထားနဲ့တော့

အများနဲ့ ရရှိလာမယ့် အကျိုးကို မျှော်မှန်းလို့မရပေ။

ဒါကြောင့်

များပြားသော လူတွေကို ဦးစီးဦးဆောင်ပြုပြီး ခေါင်းဆောင်လုပ်ချင်တယ်ဆိုရင် စိတ်သဘောထား ကြီးမားစွာ ထားနိုင်ရပါမယ်။

❑ ❑ ❑

## စကားလုံးတွေကို ဂရုစိုက်ပါ

အောင်မြင်တဲ့သူဟာ အမူအကျင့်ကောင်းတွေ များစွာရှိသူပါ။
အဲသည် အများကြီးထဲမှာ
မိမိ ပြောသည့် စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောတတ်ခြင်း၊ မပြောမီ အသေအချာ စဉ်းစားတတ်ခြင်းဟာလည်း အောင်မြင်သူရဲ့ အလေ့အကျင့်ပါပဲ။
မိမိပြောတဲ့ စကားတစ်လုံးဟာ
မိမိရဲ့ အဆင့်အတန်းကို ဖော်ပြနေပါတယ်။
ပြီးတော့
မိမိ ပြောတဲ့ စကားလုံးကိုလည်း မိမိကိုယ်တိုင် တာဝန်ယူနိုင်ရပါမယ်။
အောင်မြင်တဲ့သူဆိုတာ
စဉ်းစားပြီးမှ စကားပြောတဲ့သူ ဖြစ်ပါတယ်။
သူတစ်ပါးနှင့် ပြောဆိုဆက်ဆံတဲ့အခါ

တစ်ဖက်သားကို ချီးကျူးစရာရှိရင်
လေးလေးစားစား ထုတ်ဖော်ချီးကျူးပါ။
အကယ်၍-
တစ်ဖက်သားမှာ မိမိ မနှစ်သက်စရာတွေ့ပါက
တတ်နိုင်သမျှ သိုသိပ်ထားရပါမယ်၊ တကယ်လိုအပ်ရင်တောင်မှ တစ်ဖက်သား နားဝင်အောင် ဖြည်းဖြည်းလည်း ပြောရပါမယ်။
အရေးကြီးတာက
မိမိ ပြောတဲ့ စကားတစ်ခွန်းကြောင့်
တစ်ဖက်သား စိတ်ဓာတ်ကို မထိခိုက် မနာကြည်းပါစေနဲ့။
သူ့စိတ်ဓာတ် နာကြည်းကြေကွဲသွားရင်
မိမိ စိတ်ဓာတ်ကိုပါ နာကြည်းအောင် ပြန်ပြီးတော့ ပြုလုပ်လေ့ရှိပါတယ်။

□ □ □

## ကိုယ့်ကိုယ်ကို လေးစားပါ

အောင်မြင်တဲ့လူဆိုတာ

မိမိကိုယ်ကို အမြဲတမ်း တန်ဖိုးရှိအောင်၊ တန်ဖိုးမြင့်အောင် နေတတ်တဲ့သူပဲ ဖြစ်ပါတယ်။

မိမိကိုယ်ကို တန်ဖိုးရှိစေဖို့ဆိုပါက

မိမိကိုယ်မိမိ လေးစားမှုရှိဖို့ အရေးကြီးပါတယ်။

တကယ်တမ်းအားဖြင့် ဟောသည် လောကကြီးအတွင်းမှာ

မိမိကိုယ်ကို လေးစားမှုမရှိတာဟာ အကြီးမားဆုံး အခွင့်အရေး တစ်ခုကို ဆုံးရှုံးလိုက်တာပါပဲ။

သူများက မိမိကို မလေးစားတာထက်

မိမိကိုယ်မိမိ တကယ် လေးလေးနက်နက် မလေးစားနိုင်တာဟာ အရမ်းကို ဆိုးဝါးပါတယ်။

မိမိကိုယ်မိမိ လေးစားမှုမရှိတဲ့သူဟာ

မဟုတ်မှန်းသိရက်နဲ့ ဆက်ပြောတယ်။

မကောင်းမှန်းသိရက်နဲ့ ဆက်လုပ်တယ်။

အကျဉ်းချုံးပြောရရင် မိမိကိုယ်မိမိ တန်ဖိုးမြင့်မားအောင် မလုပ်ဆောင်ဘဲ မိမိတန်ဖိုး မိမိကျဆင်းအောင်ပဲ လုပ်နေလေ့ရှိတယ်။

မကောင်းတာကိုလုပ်တဲ့အချိန်
မကောင်းတာကို ပြောဆိုကြံစည်တဲ့အချိန်မှာ
မိမိ စိတ်ပျက်စီးသွားတာ၊ မိမိ တန်ဖိုးကျဆင်းသွားတာကို မိမိဘာသာ သိတယ်။

အဲသည်လိုလူဟာ
ကိုယ့်ကိုယ်ကို လေးစားမှုမရှိဘူး၊
ကိုယ့်ကိုယ်ကို လေးစားမှုမရှိရင်
အောင်မြင်တဲ့ ဘဝတစ်ခုကို တည်ဆောက်လို့မရဘူး။

❑ ❑ ❑

## စိတ်ဓာတ်နှင့်လုပ်ရပ်

လူသည်-

မိမိ မည်ကဲ့သို့ဘဝမျိုး ရောက်ချင်သည်

ဘယ်လို ဆန္ဒတွေဖြင့် ဘဝခရီးကို ဆက်ချစ်သည်။

ဖြစ်ချင်တဲ့ ဘဝတစ်ခုကို ဖြစ်ပေါ်စေဖို့

မိမိ ရည်ရွယ်ရာ ဘဝတွေ ထမြောက်အောင်မြင်ဖို့ဆိုပါက အရေးကြီးသော အရာနှစ်ခုကို အကောင်းဆုံး လုပ်ဆောင်နိုင်ဖို့ အရေးကြီးပါတယ်။

အဲဒါ အခြားမဟုတ်ပေ။

စိတ်ဓာတ်နှင့်လုပ်ရပ် ဖြစ်၏။

လူသားတိုင်း လူသားတိုင်း၏ ဘဝတွေကို

အောင်မြင်မှု၊ ကျရှုံးမှု၊ ကြီးပွားမှု၊ ဆုတ်ယုတ်မှု၊ ငြိမ်းအေးမှု၊ ပူလောင်မှု စသော ဆန့်ကျင်ဘက်အရာတွေကို ကွဲပြားခြားနားစွာဖြင့် ရှိနေတာဟာလည်း စိတ်ဓာတ်နှင့် လုပ်ရပ်ကြောင့် ဖြစ်၏။

တကယ်တော့-

စိတ်ဓာတ်နှင့် လုပ်ရပ်ဟာ လူတစ်ဦးစီရဲ့ ဘဝကံကြမ္မာ အပြောင်းအလဲ ဖြစ်၏။

စိတ်ဓာတ်ကောင်းတဲ့သူဟာ
လုပ်ရပ်ပါ ကောင်းပါတယ်။
လုပ်ရပ်ကောင်းတဲ့သူအတွက် ရလဒ်ကောင်းပါတယ်။
ရလဒ်ကောင်းရင် ဘဝကောင်းပါတယ်။
ဒီလိုပါပဲ
စိတ်ဓာတ်မကောင်းတဲ့သူဟာ
လုပ်ရပ်လည်း မကောင်းနိုင်ပေ။
လုပ်ရပ်မကောင်းပါက ရလဒ်လည်း မကောင်းပေ။
ရလဒ်မကောင်းရင် ဘဝကောင်းကို မတည်ဆောက်နိုင်ပါဘူး။

အကောင်းဆုံး စိတ်ဓာတ်သည်
အကောင်းဆုံး ဘဝကို ဖန်တီး၏။

❑ ❑ ❑

## လေးနက်မှုရှိပါစေ

ရည်ရွယ်ချက်တစ်ခုဖြင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေတဲ့သူဆိုတာ ဘယ်အခြေအနေကို ရောက်နေရောက်နေ ပေါ့ဆစွာ မနေရပါဘူး။

အရာရာကို လေးနက်စွာ ရှိနေရပါမယ်။

တစ်ခါတလေကျရင်

ရည်ရွယ်ချက်လမ်းကြောင်းပေါ်မရောက်ခင် စားဝတ်နေရေးအရ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေရပေမယ့် ရည်ရွယ်ချက်လမ်းကြောင်းနှင့် ပတ်သက်တာကော၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းအပေါ်မှာပါ ပေါ့ဆမှုမရှိဘဲ မိမိ အင်အားကို စုစည်းပြီးလုပ်ကိုင်ရပါမယ်။

တချို့က-

ရည်ရွယ်ချက်တစ်ခုကို မြင့်မားစွာ ထားလိုက်တာနဲ့

တစ်ချိန်ချိန် အခွင့်အလမ်းက သူ့ဘာသာသူ ပေါ်လာလိမ့်မယ်ဆိုတဲ့ ပုံစံနဲ့ စောင့်နေပါတယ်။

ဆိပ်ပြီးတော့ အလေးအနက် မထားပါဘူး။
မိမိကိုယ်တိုင်က လေးနက်မှုမရှိတဲ့ အရာတစ်ခုဟာ
မိမိထံကို ရောက်မလာနိုင်ပါဘူး။
အခွင့်အလမ်းဆိုတာကလည်း
မိမိကိုယ်တိုင်က လေးနက်စွာဖြင့် စုံစမ်းနေမှ၊ ရှာဖွေနေမှ
တွေ့နိုင်၊ ရနိုင်တဲ့ အရာပဲ ဖြစ်ပါတယ်။
ဒီတော့
အောင်မြင်ကြီးပွားချင်တဲ့သူဟာ
အရာရာကို လေးလေးနက်နက် ရှိပါစေ။

❑ ❑ ❑

# နည်းမှန်လမ်းမှန်

အောင်မြင်မှုဟူသည်
ရည်ရွယ်ချက်တစ်ခုကို တိတိကျကျ သတ်မှတ်နေရုံနှင့်မပြီး။
မိမိ ရည်ရွယ်သော ပန်းတိုင်ရောက်ရှိအောင်
ဘယ်လိုသွားမည်ဟု ပန်းတိုင်နှင့်နည်းလမ်းကို သိထားဖို့ လိုအပ်ပါတယ်။

ပန်းတိုင်ရှိပြီး လမ်းမရှိရင်
ခရီးဟာ မပေါက်ရောက်နိုင်ပေ။
နည်းလမ်းရှိပြီး ပန်းတိုင်မရှိပြန်ကလည်း
ခရီးက မရောက်နိုင်ပေ။
ဒီတော့
ပန်းတိုင်ရော၊ နည်းလမ်းပါရှိထား၊ သိထားမှဖြစ်မည်။
သို့သော်-
ရောက်ချင်တဲ့ ပန်းတိုင်ကို သည်နည်းလမ်းအတိုင်း သွားပေမယ့် မရောက်တဲ့အခါ ဘယ်လို လုပ်မလဲ ?။

နည်းလမ်းကို မှန်မမှန် ဆန်းစစ်ရပါမည်။
ဘာကြောင့်လည်းဆိုပါက
နည်းမှားရင် ခရီးမှားကိုပဲ ရောက်ပါတယ်။
နည်းမှန်မှ ခရီးက မှန်ပါလိမ့်မယ်။
ဒါကြောင့်
သည်ခရီးကို သည်ထီးဖြင့် အဆင်မပြေသည့်အခါ နည်းလမ်းအသစ်ကို ရှာကြံရပါမည်။
ပန်းတိုင်ကိုတော့ မပြောင်းရပါဘူး။
နည်းလမ်းပြောင်းတိုင်းသာ
ပန်းတိုင်ပါ လိုက်ပြောင်းနေမယ်ဆိုရင်
ဘယ်ကိုမှ မရောက်တော့ပါဘူး။

❑ ❑ ❑

## ကျေးဇူးသိတတ်ပါ

ဘဝမှာ အောင်မြင်ချင်တယ်ဆိုရင်

သူတစ်ပါးက မိမိအပေါ်ပြုခဲ့ဖူးတဲ့ ကျေးဇူးတရားတွေကို အသိအမှတ် ပြုနိုင်ရပါမယ်။

ကျေးဇူးတရားကို အသိအမှတ်ပြုတဲ့နေရာမှာလည်း နှစ်မျိုး ရှိပါတယ်။

အဲဒါကတော့ သူတစ်ပါးရဲ့ကျေးဇူးကိုသိခြင်းနှင့် ဆပ်ခြင်း ပါပဲ။

ကျေးဇူးသိတတ်တယ်ဆိုတာ

တစ်ဖက်သားရဲ့ ကောင်းတဲ့ဂုဏ်ကို ဖော်ကျူးတာဖြစ်ပြီး

ကျေးဇူးဆပ်တတ်တာကတော့

တစ်ဖက်သားကို အကောင်းမွန်ဆုံး ပြန်ပေးဆပ်တာပဲဖြစ် ပါတယ်။

ကိုယ်ကျင့်တရားကောင်းတဲ့သူ

မိမိကိုယ်မိမိ လေးစားမှုရှိတဲ့သူ

အောင်မြင်ကြီးပွား တိုးတက်ချင်တဲ့သူဆိုတာ

သူတစ်ပါးရဲ့ ကျေးဇူးကို သိတတ်ရသလို၊ စွမ်းနိုင်တဲ့အခါ မှာလည်း ပြန်ပြီးတော့ ဆပ်နိုင်အောင် ကြိုးစားရပါတယ်။

သူတစ်ပါးကျေးဇူးကို သိလည်းမသိတတ်၊ ဆပ်လည်းမဆပ် တတ်တဲ့သူတွေကတော့ ဘယ်လိုမှ အောင်မြင်မှာမဟုတ်သလို၊ ဘယ် တော့မှလည်း တန်ဖိုးရှိတဲ့သူ ဖြစ်လာမှာ မဟုတ်ပါဘူး။

အဲသည်ထက် ပိုဆိုးတာက

သူတစ်ပါးရဲ့ကျေးဇူးကို ကန်းတဲ့သူပါပဲ။

အဲသည်လိုလူဟာ

သူတစ်ပါးရဲ့ ယုံကြည်မှုကို မရနိုင်သလို၊ သူတစ်ပါးရဲ့လေး စားမှုကိုလည်း မရနိုင်ပါဘူး။

□ □ □

## ဆန္ဒ၊ ဖွဲ၊ သန္နိဋ္ဌာန်

လူဟာ
ဖြစ်ချင်တဲ့ ဆန္ဒလည်းရှိတယ်
ဖြစ်အောင်လုပ်တဲ့ ဖွဲလည်း ရှိတယ်
ဖြစ်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်လည်းရှိတယ်ဆိုပါက မအောင်မြင် မပေါက်ရောက်နိုင်စရာအကြောင်း မရှိပေ။

ဘယ်သူမဆို
မိမိ လုပ်ချင်တဲ့လုပ်ငန်း
မိမိ ရောက်ချင်တဲ့ ရည်မှန်းချက်
မိမိ ပြီးပြည့်စုံစေချင်တဲ့ ဦးတည်ချက်တို့နှင့်ပတ်သက်ပြီး ဆန္ဒ၊ ဖွဲ၊ သန္နိဋ္ဌာန် ဟူသော အကြောင်းတရားသုံးပါးကို လက်ကိုင်ထားပြီး သွားနိုင်ရပါတယ်။

ဖြစ်ချင်တဲ့ ဆန္ဒလည်း မရှိဘူး၊
ဖြစ်အောင်လုပ်တဲ့ ဖွဲလည်း မရှိဘူး၊
ဖြစ်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်လည်း မရှိဘဲနဲ

မည်သည့် အောင်မြင်မှုကို မျှော်မှန်း၍ မရနိုင်ပေ။
အောင်မြင်မှုဆိုတာ
အခက်အခဲ အနည်းငယ်လေး ဖြေရှင်းရုံ
ပြဿနာ တစ်ခုနှစ်ခု ကျော်လွှားရုံနှင့် ရရှိတတ်သော အရာ တစ်ခု မဟုတ်ပေ။

အခက်အခဲပေါင်းများစွာ၊ ပြဿနာများစွာကို ဖြေရှင်းနိုင်မှ ရရှိလာနိုင်တဲ့ အရာဖြစ်ပါတယ်။

ဒါကြောင့်
အောင်မြင်ချင်ရင်
ဆန္ဒ၊ ဇွဲ၊ သန္နိဋ္ဌာန် ရှိအောင်လုပ်။

□ □ □

## သင့်တင့်တဲ့အရပ်မှာနေပါ

မြန်မာစကားမှာ 'လူမှန်နေရာမှန်' ဆိုတဲ့ စကားတစ်ခွန်းရှိပါတယ်။

အောင်မြင်ကြီးပွားချင်တဲ့သူဟာ

နေထိုင်သင့်၊ နေထိုင်အပ်တဲ့ အရပ်ဒေသမှာမနေဘဲ

မနေထိုင်သင့်၊ မနေထိုင်အပ်တဲ့ အရပ်ဒေသမှာနေရင် မအောင်မြင် မကြီးပွားနိုင်ပါဘူး။

မိမိ ရည်ရွယ်ချက်နှင့်ကိုက်ညီတဲ့

မိမိ လိုချင်တဲ့ ပန်းတိုင်ရောက်အောင် အထောက်အပံ့ကောင်းတွေ ရရှိနိုင်တဲ့ နေရာဒေသမှာ နေထိုင်ခြင်းဟာလည်း အောင်မြင်ကြီးပွားဖို့ အကြောင်းတစ်ခုပါပဲ။

သင့်တင့်တဲ့ အရပ်ဒေသဆိုတာ

မိမိကို တိုးတက်အောင်မြင်အောင် ညွှန်ပြ၊ ပြောပြ၊ လုပ်ကိုင်ခွင့်ရနိုင်တဲ့ ရည်မှန်းချက်ပန်းတိုင်ရှိတဲ့ အရပ်ဒေသ ဖြစ်ပါတယ်။

မိမိအတွက် အကျိုးမရှိတဲ့ အရပ်ဒေသမှ နေထိုင်ခြင်းဟာ
မိမိ တက်လမ်းကို မိမိကိုယ်တိုင် ပိတ်လိုက်သလိုပါပဲ။
တကယ်တော့
ဘယ်မှာနေနေ ကိုယ်ကောင်းရင် ပြီးတာပဲဆိုတာထက်

ကိုယ်ကောင်းရင် ကောင်းသလောက် အဆင်ပြေတဲ့အရပ်ဒေသမှာ နေရတာထက် ကိုယ်က ကောင်းပေမယ့် ကိုယ်ကောင်းသလောက် မကောင်းတဲ့ (တစ်နည်းအားဖြင့်) လုပ်အားနှင့်ထိုက်တန်သော အကျိုးခံစားခွင့် မရရှိတဲ့ အရပ်ဒေသမှာ နေထိုင်ရတာဟာ မတူညီပါဘူး။

ဒီတော့
နေသင့်တဲ့ အရပ်မှာ နေလိုက်တာဟာ
မနေသင့်တဲ့အရပ်ကို ရှောင်ကြဉ်လိုက်သလိုပါပဲ
ဒါကြောင့်
အောင်မြင်ချင်ရင်
အောင်မြင်နိုင်တဲ့ အရပ်ဒေသမှာနေပါ။

❑ ❑ ❑

## စိတ်ဝင်စားတာကိုလုပ်

အလုပ်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါ
အဲသည် အလုပ်ကို
မိမိကိုယ်တိုင်က မွေ့လျော်မှုရှိဖို့ အရေးကြီးပါတယ်။
စိတ်ပါဝင်စားမှုရှိဖို့ လိုအပ်ပါတယ်။
ပျော်ရွှင်မှုရှိဖို့ လိုအပ်ပါတယ်။
မပျော်ရွှင်ဘဲလုပ်ရင် လုပ်အားကျတတ်ပါတယ်
စိတ်ပါဝင်စားမှုမရှိရင် တိုးတက်မှု မရှိပါဘူး။
မွေ့လျော်မှုမရှိရင် လုပ်ငန်းနှေးကွေးပါတယ်။

အလုပ်တစ်ခုကို မွေ့လျော်စွာ၊ စိတ်ပါဝင်စားစွာ၊ ပျော်ရွှင်စွာ ပြုလုပ်ရင် ပင်ပန်းသော်လည်း ရွှင်လန်းနေတတ်ပါတယ်။

မိမိ လုပ်ချင်တာကို လုပ်ဆောင်နေရတဲ့အတွက် လုပ်ငန်းတိုးတက်မှုရှိလာလေလေ ယုံကြည်မှုရှိလေ၊ ပျော်ရွှင်မှုရှိလေပါပဲ။

**အရေးကြီးတာက**
**မိမိ မပျော်ရွှင်တဲ့ အလုပ်မှာ**

ဒီမိ ပန်းတိုင်ကို မထားမိပါစေနဲ့
တကယ်တော့
မပျော်ရွှင်တဲ့ဘဝကို ရောက်နေတာဟာ
မအောင်မြင်တဲ့ဘဝကို တည်ဆောက်နေတာပါ။
ဒါကြောင့်
မိမိ ရည်ရွယ်ချက်ဟာ
မိမိ စိတ်ပါဝင်စားတဲ့အလုပ် ဖြစ်ပါစေ။

❑ ❑ ❑

## ကိုယ်စွမ်းဉာဏ်စွမ်းရှိအောင်လုပ်

လောကမှာ အောင်မြင်ကြီးပွားတဲ့သူတွေကိုကြည့်ပြီး မအောင်မြင်တဲ့သူတွေကပြောတဲ့ စကားတစ်ခွန်းရှိ၏။ အဲဒါကတော့

'အောင်မြင်မှာပေါ့ သူတို့က ကိုယ်စွမ်းဉာဏ်စွမ်းရှိတာကိုး' တဲ့ ဟုတ်ပါတယ်

အောင်မြင်ကြီးပွားဖို့ဆိုပါက ကိုယ်စွမ်း ဉာဏ်စွမ်းရှိရပါမည် သို့သော်

ကိုယ်စွမ်းဉာဏ်စွမ်းရှိအောင် ဘယ်လိုလုပ်မည်နည်း တစ်ခုပဲ ရှိတယ်

ဘယ်အရာကိုပဲ လုပ်ဆောင်လုပ်ဆောင် ကိုယ်အားဉာဏ်အား စိုက်ထုတ်ပြီး ပြုလုပ်ခြင်းပါပဲ။

အောင်မြင်ကြီးပွားမှုဆိုတာ

အခက်အခဲများကို ရှန်းကန်လှုပ်ရှားနိုင်မှုအပေါ်တွင် အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့အရာပါ။

လှုပ်ရှားရုန်းကန်မှုမရှိရင်
အောင်မြင်မှုဆိုတာလည်း ရှိမလာနိုင်ပေ။
တကယ်တော့
ကြုံလာသမျှသော အခက်အခဲတွေကို ကိုယ်အားဉာဏ်အား ပြည့်ဝစွာဖြင့် ရုန်းကန်လှုပ်ရှားနိုင်ရင် ကိုယ်စွမ်းဉာဏ်စွမ်းဆိုတာ ထွက်လာပါတယ်။
ကိုယ်စွမ်းဉာဏ်စွမ်းထွက်ရင်
ရုန်းကန်အားက ပိုပြီးတော့ ကောင်းပါတယ်။
ရုန်းကန်အားကောင်းလေ
အောင်မြင်မှုနှင့် နီးလေပါပဲ။

❑ ❑ ❑

## အသိအမှတ်ပြုပါ

စိတ်ထားနိမ့်ကျပြီး မအောင်မြင်တဲ့သူတွေဟာ

သူတစ်ပါးက မိမိထက် ပိုပြီးတော့ တော်နေ၊ တတ်နေ၊ ကောင်းမွန်နေတာတွေကို အသိအမှတ် မပြုနိုင်ပါဘူး။

အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်လို့မရပါဘူး၊ ကာယ်အရာကိုပဲတွေးခေါ်တွေးခေါ် မိမိဘက်က အမှန်တရားတစ်ခု အဖြစ်သာ မြင်လေ့ရှိပါတယ်။

အဲသည်လို လူမျိုးတွေဟာ

အောင်မြင်ကြီးပွား တိုးတက်ဖို့ မလွယ်ကူပါ။

အောင်မြင်ကြီးပွားတိုးတက်တဲ့သူဆိုတာ

စိတ်သဘောထား ပြည့်ဝစွာဖြင့် သူတစ်ပါးရဲ့ ကောင်းတဲ့ ဂုဏ်ကို အသိအမှတ်ပြုနိုင်တဲ့သူပဲ ဖြစ်ပါတယ်။

တကယ်တော့

သူတစ်ပါးရဲ့ ကောင်းတဲ့ဂုဏ်ကို အသိအမှတ်ပြုနိုင်တယ်ဆိုတာ သူတစ်ပါးကို တန်ဖိုးထားကဘ်တဲ့ စိတ်ရှိမှ အသိအမှတ်ပြုလို့ရပါတယ်။

အဲသည်အတွက် စိတ်သဘောထား ကောင်းမွန်ရပါမယ်။
စိတ်ထား မကောင်းတဲ့သူဟာ
သူများကောင်းတာကို တန်ဖိုးမထားတတ်ဘူး။
တကယ်တမ်းအားဖြင့်
အောင်မြင်ကြီးပွားချင်တဲ့သူဟာ သူတစ်ပါးရဲ့ကောင်းတဲ့ဂုဏ်ကို အသိအမှတ်ပြုနိုင်ရပါမယ်။
သူများရဲ့ ကောင်းတဲ့ဂုဏ်ကို
မိမိက အသိအမှတ်ပြုနိုင်တယ်ဆိုရင်
မိမိစိတ်ထားဟာ ပိုပြီးတော့ ဖြူစင်လာပါမယ်။
စိတ်ထားဖြူစင်တဲ့သူအတွက်
အလုပ်အကိုင် အခွင့်အလမ်းနှင့်အတူ အခွင့်အရေးတွေကလည်း ရောက်ရှိလာတတ်ပါတယ်။
ဒါ့အပြင်
သူတစ်ပါးရဲ့ ကောင်းတဲ့အရည်အချင်းကို အသိအမှတ်ပြုတဲ့အတွက် မိမိမှာလည်း အဲသည် ဂုဏ်တွေ ရှိနိုင်ပါတယ်။

□ □ □

## ရှန်းထွက်ချင်သောစိတ်

လူတိုင်း လူတိုင်း

အောင်မြင်မှုပန်းတိုင်ကို သတ်မှတ်ပြီး လုပ်ဆောင်ကြတယ်ဆိုတာ တကယ်တမ်းအားဖြင့် လက်ရှိအနေအထားကို မနှစ်သက်၊ မကျေနပ် အားမရလို့ ဖြစ်ပါတယ်။

မိမိ လက်ရှိရောက်နေသောဘဝ

လက်ရှိ ဖြစ်ပေါ်ခံစားနေရသော အခြေအနေကို ကျေနပ်နှစ်သိမ့်တဲ့သူအတွက် ရည်ရွယ်ချက်လည်း မလိုအပ်သလို ပန်းတိုင်လည်း မရှိပေ။

ဒီတော့-

လက်ရှိ အနေအထားကို မကျေနပ်နိုင်သည့်အတွက် လက်ရှိအနေအထားထက် ပို၍ ပို၍ မြင့်မားသော ဘဝတစ်ခုရောက်အောင် ဆောင်ရွက်ခြင်းကိုပင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းလို့ ခေါ်ပါတယ်။

အောင်မြင်ပေါက်ရောက်တဲ့ လူတစ်ယောက်ဖြစ်ဖို့
လက်ရှိအနေအထားကနေ ပိုမို မြင့်မားဖို့ဆိုပါက
စိတ်ဓာတ်ခွန်အားက အရေးကြီးပါတယ်။
စိတ်ဓာတ်ခွန်အားကလည်း တခြားမဟုတ်ပေ။

လက်ရှိ အခြေအနေထက် ပိုမိုမြင့်တက်သွားချင်သည့် စိတ်ဓာတ်ဖြင့် တိုးတက်အောင် ဘာတွေလုပ်ရမလဲ၊ ဘာတွေ လုပ်သင့်သလဲ ဆိုပြီး စူးစမ်းဆင်ခြင်ရပါမယ်။

နည်းလမ်းတွေ့ရင်
ပြင်းပြင်းထန်ထန် အကောင်အထည်ဖော်ရပါမယ်။
ဘာကြောင့်လည်းဆိုတော့
ကိုယ်က လက်ရှိအနေအထားကို မကြိုက်တော့
ဒီအနေအထားကနေ ရုန်းထွက်ဖို့ကလွဲပြီး
အခြားနည်းလမ်း မရှိပါဘူး။

❑ ❑ ❑

## စေတနာကောင်းဖြင့်ပြုလုပ်ပါ

လူတစ်ယောက် အောင်မြင်ကြီးပွားမှုဖြစ်ဖို့ဆိုတာ

သူ၏ခံယူချက် စိတ်ထားက အရေးကြီး၏။

လူတိုင်းက အလုပ်လုပ်ကြ၏။

အလုပ်လုပ်တဲ့ လူသားတိုင်း အောင်မြင်ပေါက်ရောက်ကြသည်တော့ မဟုတ်ပေ။

အနည်းငယ်သော တချို့တစ်ဝက် လူသားတွေသာ အထက်တန်းရောက်ပြီး အောင်မြင်ကြတာပါ။ အများစုကတော့ အောက်ခြေပတ်ဝန်းကျင်မှာ ကျင်လည်ကြရတယ်။

အခြားကြောင့်မဟုတ်ပေ။

သူ၏ အလုပ်ပေါ်ခံယူချက် စိတ်ထားဖြစ်၏။

အလုပ်ပေါ်ထားတဲ့ စိတ်ဓာတ်မြင့်မားရင် အောင်မြင်မှုဟာလည်း မြင့်မားလာပါတယ်။

စိတ်ဓာတ် မြင့်မားဖို့ ဆိုပါက

စိတ်ထားကောင်းမွန်မှုကို အခြေခံပါတယ်။

စိတ်ထား ကောင်းမွန်ရင် မိမိ လုပ်ဆောင်တဲ့ အလုပ်ကို စေတနာကောင်းဖြင့် ပြုလုပ်ပါတယ်။

စေတနာကောင်းရင် ကံကောင်းပါတယ်။

စိတ်ထားကောင်းဖြင့် ပြုလုပ်တဲ့ သူဟာ

အများအတွက် ကိုယ်က ကောင်းအောင်လုပ်မည်ဟု စေတနာထားပြီး ပြုလုပ်လိုက်တာနဲ့ မိမိလုပ်ရပ်နှင့် စိတ်ဓာတ်က မြင့်မြတ်သွားပါပြီ။

အသိဉာဏ်တွေလည်း မြင့်လာပါတယ်။

အသိဉာဏ်မြင့်ရင် အရည်အချင်းလည်း မြင့်လာပါတယ်။

အရည်အချင်း မြင့်မားရင်

ဘဝပါ မြင့်မားလာပါတယ်။

သည်တော့

အောင်မြင်တိုးတက်ချင်တယ်ဆိုရင်

မိမိလုပ်တဲ့ အလုပ်ကို

စေတနာကောင်းဖြင့် ပြုလုပ်ပါ။

❑ ❑ ❑

## လိုအပ်တာကို ဖြည့်ဆည်းပါ

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ဆိုပါက

မိမိဘာကို အလိုရှိသည်ဆိုတာကို သိနေရပါမည်။

လိုအပ်ချက်ကိုသိပြီး မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် လိုအပ်တာကို ဖြည့်ဆည်းနိုင်ရင် အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်ပါပြီ။

အောင်မြင်မှုဆိုတာဟာလည်း

ပြောဆို၊ ရေးသား၊ ဖတ်ရှုရတာ လွယ်ကူမှု ရှိချင်ရှိနိုင်ပေမယ့် တကယ့်လက်တွေ့မှာတော့ လွယ်ကူမှုမရှိပေ။

လိုအပ်မှုတွေ များစွာရှိ၏။

ဝီရိယ လိုအပ်ချက် ရှိချင်ရှိမည်။

ဓနဲ လိုအပ်ချက် ရှိချင်ရှိမည်။

ပတ်ဝန်းကျင် လိုအပ်ချက် ရှိချင်ရှိမည်။

ဉာဏ် လိုအပ်ချက် ရှိချင်ရှိမည်။

စသည် စသည်ဖြင့် များစွာသော လိုအပ်ချက်တွေ ရှိနေနိုင်ပါတယ်။

အရေးကြီးတာက-

မိမိ လိုချင်တဲ့ အရာတစ်ခု ဖြစ်ပေါ်ဖို့ဆိုရင်

ဘာတွေ လုပ်ဆောင်ရမည်၊ ဘယ်လို အရည်အချင်းတွေ လိုအပ်သလဲဆိုတာကို ရှင်းလင်းစွာဖြင့် သိအောင် အားထုတ်ရပါမည်။

လိုအပ်ချက်ကို သိတာနဲ့

အဲသည် လိုအပ်ချက် ပြည့်မီအောင် ကြိုးစားရပါမယ်။

လိုအပ်ချက်ရှိရင်

ဘယ်အရာမှ မပြီးမြောက် မအောင်မြင်ပါဘူး။

အောင်မြင်မှုဆိုတာ

လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်မှ ရရှိလာမယ့် အရာတစ်ခု ပဲ ဖြစ်ပါတယ်။

❑ ❑ ❑

## အောင်မြင်ရေးအတတ်ပညာ

အလုပ်တစ်ခု ပြီးမြောက် အောင်မြင်ဖို့ဆိုပါက

အဲသည် အလုပ်ကို စတင်နိုင်ဖို့ရယ်၊ စတင်ပြီး အလုပ်ကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့ဖြစ်၏။

အဲသည်လို ဆောင်ရွက်နိုင်ဖို့ အတတ်ပညာ လိုအပ်၏။

အတတ်ပညာနှင့် ပတ်သက်ပြီး Henry Wadsworth Long Fellow က

"အလုပ်တစ်ခုကို စတင်တတ်သော အတတ်ပညာသည် ကြီးကျယ်၏။

သို့သော်-

ပြီးဆုံးအောင် လုပ်တတ်သော အတတ်ပညာကား ပို၍ကြီးကျယ်ပေသည်" ဟုဆိုထားပါသည်။

အလုပ်ကို စတင်ပြီး မအောင်မြင်တဲ့ သူတွေဟာ ကြီးကျယ်သော အတတ်ပညာ မရှိသူတွေဖြစ်တယ်လို့ သတ်မှတ်ရပါလိမ့်မယ်။

တကယ်တော့-

အလုပ်တစ်ခု ပြီးမြောက်အောင်မြင်ဖို့ဆိုတာ
ပြီးစီးအောင် လုပ်ဆောင်ချင်တဲ့ ဇွဲသတ္တိ
အခက်အခဲများကို ရင်ဆိုင်ရဲသော စိတ်ဓာတ်
မိမိကိုယ်ကို အလိုမလိုက်ဘဲ လုပ်ချင်တာတွေကို စိတ်အလိုလိုက်ကာ မလုပ်ဘဲ လုပ်သင့်လုပ်ထိုက်တာများကို ပြုလုပ်ရမည့်အလေ့အကျင့်တွေရှိမှ ဖြစ်ပါလိမ့်မည်။

ဇွဲ၊ စိတ်ဓာတ်၊ အလေ့အကျင့်ကောင်းတွေကပဲ
အောင်မြင်ရေး အတတ်ပညာကို သိရှိစေမယ့်
အချက်အလက်တွေပဲ ဖြစ်ပါတယ်။

❑ ❑ ❑

## ကိုယ့်လျှာကိုယ်ထိန်း

ကိုယ့်လျှာကိုယ်ထိန်းဆိုတာ
ကိုယ့်စကား ကိုယ်တာဝန်ယူ၊
လုပ်နိုင်သမျှပြော၊ ပြောတဲ့အတိုင်းလုပ်လို့ ဆိုလိုတာဖြစ်ပါတယ်။

လောကမှာ အပြောနှင့်အလုပ် ညီမျှတဲ့သူကို
လူတိုင်းက လေးစားသလို လူတိုင်းကလည်း ယုံကြည်ပါတယ်။

လူအများရဲ့ လေးစားမှု၊ ယုံကြည်မှုကို ရရှိထားတဲ့သူဟာလူအများကို ဦးဆောင်နိုင်စွမ်း ရှိပါတယ်။

ခေါင်းဆောင်ဆိုတာ-
အများထက်သာလို့ ဦးဆောင်နေရတာ ဖြစ်ပါတယ်။

အများကို ဦးစီးဦးဆောင်လုပ်တဲ့ သူဟာ စကားပြောတဲ့အခါ သတိထားပြီး လေးနက်မှုပြည့်ဝစွာဖြင့် ပြောပါတယ်။

ဘာကြောင့်လည်းဆိုတော့
မိမိပြောတဲ့ စကားတစ်ခွန်းဟာ
မိမိ ဘယ်လိုလူဆိုတာကို ဖော်ပြနေလို့ပါပဲ။

လူတွေက မိမိကို ဘယ်လို ဆက်ဆံသလဲ ဆိုတာဟာလည်း မိမိအပေါ်ကို မူတည်ပါတယ်။

မိမိရဲ့ ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံကိုကြည့်ပြီး သူတို့ကလည်း ဆက်ဆံပါတယ်။

ဒါကြောင့် -
တာဝန်ယူနိုင်တဲ့ စကားကို ပြောနိုင်ရပါမယ်။

ဒါမှ ခေါင်းဆောင်ကောင်းတစ်ယောက်၊ အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်ပါလိမ့်မယ်။

လောကမှာ -
တချို့သော ပြဿနာတွေကို ဖြေရှင်းတဲ့အခါ
စကားနဲ့ ဖြေရှင်းတာဟာ အကောင်းဆုံးပါပဲ။
ဒါကြောင့် -
ထိန်းထိန်းသိမ်းသိမ်း ပြောတတ်အောင် ကြိုးစားပါ။

❑ ❑ ❑

## အတုယူပါ အတူမလုပ်ပါနှင့်

အောင်မြင်တဲ့ လူတစ်ယောက်ရဲ့ဘဝကို ကြည့်ပြီး

သူ လျှောက်တဲ့ လမ်းကြောင်းအတိုင်း သူ့ကို အတုယူပြီး လိုက်လုပ်တာဟာ ကောင်းပါတယ်။

ဒါပေမယ့်

အတုယူတိုင်း ကောင်းသည်တော့ မဟုတ်

မိမိရဲ့ 'မူ' ပျောက်သွားတတ်သလို၊ သူတစ်ပါးရဲ့လွှမ်းမိုးမှုကို ခံရနိုင်ပါတယ်။

ယနေ့ အောင်မြင်နေတဲ့ သရုပ်ဆောင် ဂျက်ကီချန်း မဖြစ်ခင် ကာလ

အဲဒီအချိန်က သရုပ်ဆောင် မင်းသားဘရုစ်လီ ရုတ်တရက် ကွယ်လွန်သွားတော့ ရုပ်ရှင် ထုတ်လုပ်ရေးသမားတွေက ဂျက်ကီချန်းကို ဘရုစ်လီနေရာမှာ အစားထိုး ဝင်ရိုက်ခိုင်း၏။

မအောင်မြင်၊

ဂျက်ကီချန်း မအောင်မြင်တာ ကြိုးစားမှုမရှိ၍မဟုတ်

ဂျက်ကီချန်းဟာ တရုတ်အော်ပရာကျောင်းမှာ ၁၀ နှစ် ကြာအောင် နံနက် ၅ နာရီမှ ညသန်းခေါင်ယံတိုင် အဆိုအကနှင့် ကိုယ်ခံပညာရပ်တွေကို အပြင်းအထန် သင်ယူခဲ့သူပါ။

ဒါပေမယ့် သူဟာ မအောင်မြင်ပါဘူး။

သူက ဒုတိယ ဘရုစ်လီဖြစ်ဖို့ ကြိုးစားတာကို
ဂျက်ကီချန်းဖြစ်ဖို့ ကြိုးစားခြင်းမဟုတ်။

နောက်ဆုံး ဘယ်လိုမှ မအောင်မြင်တော့မှ သူ့ပုံစံနဲ့သူ ရိုက်တော့မှ အောင်မြင်မှုကိုရ၏။

အတုလိုက်လုပ်တာ အောင်မြင်မှုအတွက် အထောက်အကူဖြစ်စေပေမယ့်။

အတုလိုက်လုပ်တာကတော့
အောင်မြင်မှုအတွက်
အနှောင့်အယှက် ဖြစ်စေပါတယ်။

❑ ❑ ❑

## အောင်မြင်မှုကို ထိန်းသိမ်းပါ

အောင်မြင်ကြီးပွား တိုးတက်အောင် လုပ်ဆောင်ခြင်းဟာ
ခက်ခဲသော အရာတစ်ခု ဖြစ်သလို

ရရှိလာသော အောင်မြင်မှုကို ပြန်၍ မကျသွားအောင် လုပ်ဆောင်ခြင်းဟာလည်း ခက်ခဲသော အရာတစ်ခုပဲဖြစ်ပါတယ်။

တကယ်တမ်းအားဖြင့်တော့
အောင်မြင်မှုလေးများကို ထိန်းသိမ်းခြင်းဟာ
လှေကားထစ်လေးများကို တက်သွားသလိုပါပဲ။

တစ်ဆင့်ပြီးတစ်ဆင့် တက်သွားနိုင်ဖို့ဆိုတာ လက်ရှိရောက်နေတဲ့ အထစ်လေးကို ခိုင်မာစွာ ရပ်တည်ဖြစ်ဖို့ အရေးကြီးပါတယ်။

လက်ရှိရောက်နေတဲ့ အနေအထားခိုင်မြဲမှ
နောက်တစ်ဆင့်ကို တက်တဲ့အခါ လွယ်ကူမှု ရှိပါလိမ့်မယ်။

ဒီလိုမဟုတ်ဘဲ

လက်ရှိရောက်နေတဲ့ အနေအထားက ခိုင်မြဲမှုမရှိဘူးဆိုရင် နောက်တစ်ဆင့်ကို တက်တဲ့အခါ ယိမ်းယိုင်ပြီး အတက်ခက်နိုင်ပါတယ်။

ဒီထက်ဆိုးတာက
ရောက်နေတဲ့ နေရာကနေ အောက်ကို ပြန်ကျခြင်းပါပဲ။
အပေါ်ရောက်ပြီးမှ အောက်ကို ပြုတ်ကျတဲ့သူဟာ
ပြန်တက်ချင်စိတ် ကုန်ခန်းတတ်သလို တစ်ကနေ ပြန်တက်ရတဲ့အခါ အာရုံစူးစိုက်မှုလည်း နှေးသွားပါတယ်။
ဒီတော့-
ဖြည်းဖြည်းချင်း တက်ပါ။
ရောက်တဲ့နေရာမှာ ခိုင်မြဲအောင်ရပ်
ပြန်မကျပါစေနဲ့။

□ □ □

## ဘဝင်မမြင့်နဲ့ ဘဝမြင့်အောင်လုပ်

အောင်မြင်မှုနယ်ပယ်မှာ ရောထွေးနေသော အရာနှစ်ခုရှိပါတယ်။ အဲဒါကတော့ မိမိကိုယ်မိမိ ယုံကြည်တာရယ်၊ ဘဝင်မြင့်တာရယ်ပဲ ဖြစ်ပါတယ်။

ယုံကြည်မှုဆိုတာ

မိမိ မျှော်မှန်းသော အရာကို ရရှိစေဖို့

မိမိကိုယ်သာမိမိ အားကိုးရမယ်ဆိုတဲ့ ခံယူချက်ပါပဲ။

ဘဝင်မြင့်တယ်ဆိုတာ

မိမိကိုမိမိ အထင်ကြီးစိတ်ဝင်ကာ ဘာပဲလုပ်လုပ် ဖြစ်ပါတယ်၊ မလုပ်သေးလို့သာပါ စသည်ဖြင့် တကယ့် လက်တွေ့မပါတဲ့ အပြောကို ပြောတာဖြစ်ပါတယ်။

ယုံကြည်မှုရှိတဲ့ သူဟာ

လက်တွေ့ဆန်စွာဖြင့် ပြုလုပ်တဲ့အတွက် အောင်မြင်မှုကို ရယူနိုင်ပါတယ်။

ဘဝင်မြင့်တဲ့ သူကတော့
မိမိကိုယ်မိမိ အထင်ကြီးစွာဖြင့်
သူတစ်ပါးကို အထင်သေးကာ
တိုးတက်မှုမရှိတဲ့ သူပဲ ဖြစ်ပါတယ်။
မိမိကိုယ်မိမိ ယုံကြည်တဲ့သူဟာ
လက်ရှိအနေအထားကို ကျေနပ်မှုမရှိပါဘူး၊ ပိုမိုမြင့်မြတ်တဲ့ အနေအထား တစ်ခုရောက်အောင် လုပ်ဆောင်နေတဲ့သူပဲ ဖြစ်ပါတယ်။
ဘဝင်မြင့်တဲ့ သူကတော့
လက်ရှိအနေအထားကို ကျေနပ်နေတဲ့ သူပဲဖြစ်ပါတယ်။
ဒီတော့
အောင်မြင်ချင်ရင်
ဘဝင် မမြင့်ပါနဲ့
ဘဝ မြင့်အောင် ကြိုးစားပါ။

❑ ❑ ❑

## ပန်းတိုင် အမြန်သွားနည်း

ဘယ်သူမဆို အဆင်မပြေတဲ့ ဘဝတွေမှာ
အကြာကြီး ရပ်မနေချင်ကြပါဘူး။
အောင်မြင်တဲ့ ဘဝတွေမှာသာ အကြာကြီး နေထိုင်ချင်ကြတာပါ။

တချို့သူတွေက
အောင်မြင်ကြီးပွားတဲ့ ဘဝတွေကိုရောက်ဖို့ 'လှေကြီးထိုးရိုးရိုး မလှော်ချင်ကြဘူး' ဖြတ်လမ်းနည်းနဲ့ သွားချင်ကြတယ်။
ပန်းတိုင်ကို အမြန်ရောက်ချင်ကြတယ်။
ပန်းတိုင်ကို အမြန်ရောက်ချင်တဲ့ သူဟာ ရိုးသားမှုနှင့်ကြိုးစားမှုရှိဖို့ အထူး လိုအပ်ပါတယ်။
ရိုးသားမှု၊ ကြိုးစားမှုမပါဘဲ ပန်းတိုင်ကို သွားလို့မရပေ။
ရိုးသားမှုနှင့် ကြိုးစားမှုကိုအခြေခံကာ
မိမိရည်ရွယ်ချက် ပန်းတိုင်ကို လျှောက်လှမ်းရာ၌
တွေ့ဝေးမောခြင်း

ယိမ်းယိုင်သွေဖည်ခြင်း
အာရုံလွင့်ပါးမှု မရှိဘဲ
ရှူးရှထက်သန်သော စိတ်ဖြင့်
အသင့်တော်ဆုံး၊ အမှန်ကန်ဆုံး နည်းလမ်းဖြင့်
လုပ်သင့် လုပ်ထိုက်သည့် အရာများကိုသာ တစ်စိုက်မတ်မတ် လုပ်ဆောင်သွားခြင်းဟာ ပန်းတိုင်ကို အမြန်ဆုံးသွားနည်းပါပဲ။
ဒီနည်းဟာ
အတက်နှေးချင် နှေးပေမယ့်
ပြန်ကျဖို့တော့ မလွယ်ကူပါဘူး။

❑ ❑ ❑

## နှောင်တ

နှောင်တ တရားဆိုတာ

မကောင်းတဲ့ အဓိပ္ပာယ်နှင့် လုပ်ရပ်ကို ဖြစ်ပေါ်စေတဲ့ စကားပါ။

နှောင်တဟာ ဘယ်တော့မှ မကောင်းပါဘူး။

ဒါပေမယ့်-

လူတိုင်းဟာ 'နှောင်တ' ရဖူးကြပါတယ်။

သို့သော်-

အောင်မြင်တဲ့ သူတွေကတော့ 'နှောင်တ' တစ်ခုရပြီးတာနဲ့ အဲသည်လို 'နှောင်တ' မျိုး မိမိဘဝမှာ နောက်ထပ် လုံးဝ ဖြစ်ပေါ်မလာအောင် ကြိုးစားပြီး နေပါတယ်။

မအောင်မြင်တဲ့ သူကတော့

ပြင်ဆင်မှု မရှိဘဲ ပူဆွေးမှုတွေနဲ့သာ နေပါတယ်။

နှောင်တ နှစ်မျိုး ရှိပါတယ်။

လုပ်သင့်တာ မလုပ်တဲ့ နောင်တ
မလုပ်သင့်တာကို လုပ်တဲ့ နောင်တ
အဲသည် နှစ်မျိုးထဲမှာ

လုပ်သင့် လုပ်ထိုက်တာကို မလုပ်ခဲ့တဲ့ နောင်တထက်စာရင် မလုပ်သင့် မလုပ်ထိုက်တာကို ပြုလုပ်ခဲ့တဲ့ နောင်တက ပိုပြီးတော့ ဆိုးဝါးပါတယ်။

လုပ်သင့်တာကို မလုပ်ခဲ့ခြင်းဟာ
ပြန်လည် ပြင်ဆင်ဖို့ အခွင့်အရေးရှိပေမယ်
မလုပ်သင့်တာကို လုပ်ခဲ့ရင်တော့
ပြန်လည် ပြုပြင်ခွင့် မရှိပါဘူး။

အောင်မြင်ချင်တဲ့သူအတွက် ဘယ် 'နောင်တ' မှ မဖြစ်ပေါ်တာ အကောင်းဆုံးပါပဲ။

သို့သော်-
မလုပ်သင့်တာကို လုပ်ရင်
လုပ်သင့်တာကို မလုပ်ဖြစ်တော့ပါဘူး။

□ □ □

## ကျွန်းဖြစ်အောင်

ရည်ရွယ်ချက်တစ်ခု ထမြောက် အောင်မြင်ချင်တယ်ဆိုရင်
မိမိကိုယ်ကို ကျွန်းသဖွယ်ဖြစ်အောင် လုပ်ပါ။

တချို့လူတွေက-

မိမိလိုချင်တဲ့ အနေအထားတစ်ခု ရောက်ရှိစေဖို့ သူတစ်ပါးကို မှီခိုပြီး နေကြတယ်။

သူတစ်ပါးကို မှီခိုလွန်းအားကြီးရင်
မိမိအားက ထွက်မလာတော့ဘူး။

အမြဲတမ်း သူတစ်ပါးနောက်ကနေပဲ နောက်လိုက်အဖြစ်နဲ့ နေနေရတယ်။ တုံးနေတဲ့ ဓားတစ်ချောင်းလို့ပဲ ဘာကိုမှ တိတိကျကျ ပြတ်ပြတ်သားသား ခုတ်လို့မရဘူး။

ကျွန်းတွေဟာ
မိမိကိုယ်ကို အားကိုးပြီး နေတယ်။
ဘယ်သူ့ကိုမှ ဆောက်တည်ရာအဖြစ် မထားဘူး။

ဒီလိုပါပဲ

အောင်မြင်ချင်တဲ့ သူဟာ

လူကြီးတစ်ယောက်လို နေရတယ်။

လူကြီးဆိုတာ

ဘယ်လို ပြဿနာမျိုး ကြုံတွေ့ပါစေ၊ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်တယ်။ သူတစ်ပါးရဲ့ အဆုံးအဖြတ်ကို မခံဘူး။

ကလေး ဆိုတာ

သူတစ်ပါး ဆုံးဖြတ်ချက်အတိုင်း ခနကယ်။

ကိုယ်အား ကိုယ်ကိုးပြီးနေတဲ့ သူဟာ

ကျွန်းနဲ့တူတဲ့ လူကြီးပါပဲ။

သူတစ်ပါးကို အားကိုးပြီးနေတဲ့ သူကတော့ ကလေးတစ်ယောက်ပါပဲ။

ဒါကြောင့်

အောင်မြင်ချင်ရင်

လူကြီးဖြစ်လောက်အောင်

ကျွန်းတွေလို မိမိကိုယ်ကို ဆောက်တည်ရာဖြစ်အောင် ရပ်တည်ပါ။

❑ ❑ ❑

## သတ္တိ

သတ္တိမရှိတဲ့ လူသားဟာ
ဘယ်အရာကိုမှ အောင်မြင်အောင် မလုပ်ဆောင်နိုင်ပါဘူး။
မိမိ လိုချင်တာကိုရဖို့
မိမိ လိုလားတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရဖို့ဆိုတာ
သတ္တိမရှိဘဲနဲ့ မရနိုင်ပေ။
တချို့က-

သတ္တိလို့ ဆိုလိုက်တာနဲ့ သတ်ရဲ၊ ဖြတ်ရဲ၊ မိုက်ရဲတာကိုပြေးမြင်မိကြပါတယ်။

တကယ်တမ်းအားဖြင့်တော့
စစ်မှန်တဲ့ သတ္တိဆိုတာ

မိမိလိုချင်တာကို တရားနည်းလမ်းကျကျ ရအောင်ယူနိုင်ခြင်းရယ်၊ မိမိဘဝကို ပျက်စီးစေမယ့် ကိစ္စဟူသမျှကို ဆန့်ကျင်ဖို့ သတ္တိရှိရပါမယ်။

သတ္တိရှိတဲ့ သူဟာ
လိုချင်တာကို ရအောင်ယူတတ်ခြင်းဖြင့်
ဓိမိ မလိုချင်တာတွေ မပြုလုပ်ဖြစ်အောင် ရှောင်ကြဉ်တဲ့သူပဲ ဖြစ်ပါတယ်။

ဒါကြောင့်
အောင်မြင်ချင်ရင်
သတ္တိ ရှိပါစေ။

❑ ❑ ❑

## အလုပ်ကိုချစ်ပါ

လော်ရက်တာက စကားတစ်ခွန်း ပြောဖူး၏။

To be successful, the first thing to do is fall in love with your work.

အောင်မြင်ဖို့အတွက်
သင် ပထမဆုံး လုပ်ရမယ့်အရာက
သင့်ရဲ့ အလုပ်ကို ချစ်နေဖို့ပါပဲတဲ့။
ဟုတ်ပါတယ်။

မိမိအလုပ်ကို မချစ်တဲ့သူဟာ မိမိအလုပ်ကို စိတ်ဝင်စားမှု မရှိနိုင်၊ စိတ်မဝင်စားရင် အာရုံစူးစိုက်မှုမရှိ၊ အာရုံမစူးစိုက်ပါက မကျွမ်းကျင်၊ ကျွမ်းကျင်မှုမရှိက တိုးတက်မှုမရှိ၊ တိုးတက်မှုမရှိက မအောင်မြင်နိုင်၊ မအောင်မြင်ပါက အဲသည် အလုပ်ကို မချစ်နိုင်ပေ။

ဒါကြောင့်
အောင်မြင်ချင်ရင်
မိမိအလုပ်ကို ချစ်ရပါမယ်။
နောက်တစ်ခုက
မိမိ မချစ်နိုင်တဲ့အလုပ်မှာ
မိမိ ရည်ရွယ်ချက်ပန်းတိုင်ကို မထားပါနှင့်။
မအောင်မြင်နိုင်ပါဘူး။

□ □ □

## လောဘမကြီးနဲ့

ကြီးပွားတိုးတက်ချင်တဲ့ သူတစ်ယောက်ကို

လောဘမကြီးနဲ့ဟု ပြောလိုက်တာဟာ သဘာဝမကျဟု မထင် လိုက်ပါနဲ့။ သည်နေရာမှာ မလိုအပ်တဲ့ လောဘမထားမိဖို့ဘဲ ဖြစ်ပါ တယ်။

မလိုအပ်တဲ့ လောဘဆိုတာ

ထိုက်တန်သောရလဒ်ကို လိုချင်ပါက

ထိုက်တန်သော ပေးဆပ်မှု ရှိရပါမယ်။

သည်လိုမှမဟုတ်ဘဲ

ဖြတ်လမ်းနည်းဖြင့် အလွယ်တကူရအောင် မတရားသော နည်းတွေကို အသုံးပြုခြင်းဟာ မလိုအပ်သော လောဘပါပဲ။

အဲသည်လိုမျိုး လောဘရှိရင်

မိမိကို ပြန်ပြီးတော့ ဒုက္ခပေးလေ့ရှိပါတယ်။

တချို့က

မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တွေ ပေးပြီး (ပြောပြီး) မိမိကို လိမ်ညာတတ်ပါသည်။

ဘယ်အရာမဆို

မိမိက ဘာတစ်ခုမှကောင်းကောင်း မလုပ်ဆောင်ရဘဲ

ကိုယ့်ကို ပေးမည်ဆိုပါက လိမ်ညာမှုပဲ ဖြစ်ပါတယ်။

သို့သော်-

လောဘကြီးတဲ့သူတွေဟာ လိမ်ညာမှုကို မပြင်တတ်ဘဲ မရနိုင်တာ (မဖြစ်နိုင်တာ)ကို ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေဟာ မိမိရဲ့**အကျိုး**တွေ ပျက်စီးတတ်ပါတယ်။

ဒါဟာ-

မျှော်လင့်ချက် အတုပါပဲ။

မျှော်လင့်ချက်အတုဟာ ငါးစာနဲ့တူပါတယ်။

ငါးစာကို ဟပ်လိုက်တာနဲ့

မိမိဘဝ ဆုံးရှုံးသွားပါတယ်။

❑ ❑ ❑

## အချိန်

ဘဝတိုးတက်မှု၊ ဆုတ်ယုတ်မှု
အောင်မြင်မှု၊ ကျရှုံးမှု
မတူညီသော ဆန့်ကျင်ဘက် ဘဝနှစ်ခုကို ဖန်တီးပေးလိုက်တာဟာ ကံကြမ္မာမဟုတ်ပါဘူး။ လူသားတစ်ဦးချင်းစီရဲ့ အချိန်ကာလ အသုံးပြုခြင်းပါပဲ။

အချိန်ဆိုတာ

တန်ဖိုးဖြတ်မရအောင် တန်ဖိုးမြင့်မားတယ်ဆိုတာ လူသားတိုင်း လက်ခံပါတယ်။

သို့သော်-

လူသားတိုင်းကတော့ တန်ဖိုးရှိကြသည် မဟုတ်။

ဘာကြောင့်ပါနည်း။

အကြောင်းကတော့ လူသားတိုင်းရဲ့ အချိန်ကာလကို အသုံးပြု တတ်မှု၊ အသုံးချနိုင်မှုအပေါ်ကို မူတည်ပြီးတော့ တန်ဖိုးကွာဟသွားတာ ပဲ ဖြစ်ပါတယ်။

တချို့က အချိန်တွေကို ဖြုန်းတီးတယ်။
တချို့က အချိန်တွေကို လွှင့်ပစ်တယ်။
တချို့က အချိန်တွေကို ဘဝတိုးတက်ဖို့ အသုံးချတယ်။
လူ့တန်ဖိုး ဆိုတာဟာလည်း
အချိန်အသုံးချမှု တန်ဖိုးပါပဲ။

နိမ့်ကျတဲ့ ဘဝတစ်ခုရောက် ဒီအချိန်တွေကို အသုံးပြုရသလို၊ ကြီးကျယ်မြင့်မြတ်တဲ့ ဘဝတစ်ခု ရောက်အောင်လည်း သည်အချိန်တွေကိုပဲ အသုံးပြုရတယ်။

လူသားတိုင်းကတော့ တစ်နေ့ကို ၂၄ နာရီ ညီမျှစွာနဲ့ အသုံးပြုနေကြတယ်။

တချို့က အောင်မြင်တယ်။
တချို့က မအောင်မြင်ဘူး။

အောင်မြင်တဲ့ လူသားဖြစ်ချင်ရင် အချိန်တွေကို တန်ဖိုးရှိအောင် အသုံးပြုပါ။

အချိန်ဟာ
သင်လိုချင်သလောက် မရနိုင်ပါဘူး။

❑ ❑ ❑

## ကိုယ့်အလုပ် ကိုယ်လုပ်

ကိုယ်တိုင် ကိုယ်ကျ ပြုလုပ်သင့်တဲ့ အလုပ်တစ်ခုကို မိမိကိုယ်တိုင် ပြီးမြောက်အောင် လုပ်ကိုင်ခြင်းဟာ အောင်မြင်ခြင်းရဲ့ လမ်းစပဲ ဖြစ်ပါတယ်။

တချို့က-

မိမိလုပ်မှဖြစ်မယ့် ကိစ္စတစ်ခုကို မိမိကိုယ်တိုင် မလုပ်ဆောင်ဘဲ သူတစ်ပါးကို လုပ်ခိုင်းပါတယ်။

သူတစ်ပါးကို လုပ်ခိုင်းတဲ့အတွက် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်နိုင်သလို၊ အမြဲတမ်း ကိုယ်လုပ်ရမယ့် အလုပ်ကို သူလုပ်ပေးနေရင် ကိုယ်က ကြာလာရင် မလုပ်ချင်တော့ဘူး။

မလုပ်တတ်တော့ဘူး။

သူ မရှိရင် ဘယ်လိုလုပ်မလဲ။

အောင်မြင်တဲ့ သူဟာ ကိုယ့်အလုပ် ကိုယ်လုပ်ပါတယ်။

ကိုယ့်အလုပ် ကိုယ်လုပ်တဲ့ သူဟာ

အားအင်ကြီးမားတဲ့ သူ
မှီခိုမှုကင်းစွာဖြင့် လုပ်ကိုင်တတ်သူ ဖြစ်လာပါတယ်။
ကိုယ့်အလုပ်ကိုယ် မလုပ်တဲ့သူကတော့
ပျော့ညံ့တဲ့သူ
အမှီအခိုရှိမှ နေကောင်းတဲ့သူ ဖြစ်လာပါတယ်။
တကယ်တော့-

ကိုယ့်အလုပ် ကိုယ်ပြီးစီးအောင် လုပ်တာဟာ ကိုယ့်ရဲ့စိတ်ဓာတ်၊ အသိဉာဏ်၊ လုပ်အားကို တိုးတက်မြင့်မားအောင် လုပ်ဆောင်တာပါပဲ။

❑ ❑ ❑

## ကံကောင်းအောင်လုပ်

ကံအကြောင်းပြောလိုက်တာနဲ့ လူတွေက မမြင်ရနိုင်သော အရာတွေကိုပဲ ပြေးမြင်လေ့ ရှိကြပါတယ်။

တကယ့်တမ်းအားဖြင့်တော့
ကံကောင်းအောင် လုပ်ဆောင်ခြင်းဆိုတာ
မမြင်ရသော တစ်စုံတစ်ဦးက ပြုမူဆောင်ရွက်ပေး၍ မရပေ။
မိမိကိုယ်တိုင်က စီမံခွင့်ပဲ ဖြစ်၏။
စေတနာဆိုးဖြင့် ပြုလုပ်လိုက်လို့
အဲသည် အလုပ်ကိစ္စက ပြီးမြောက်အောင်မြင်သွားရင်
မိမိအတွက် မကောင်းတဲ့ 'ကံ' ကို ဖန်တီးလိုက်တာပါပဲ။
ဒီလိုပါပဲ
စိတ်ထားကောင်းမွန်စွာဖြင့်

အလုပ်တစ်ခုကို ပြုလုပ်စီရင်လိုက်လို့ အဲသည် အလုပ် ပြီးမြောက်အောင်မြင်သွားတယ်ဆိုပါက အဲသည်လူအတွက် ကံကောင်းတစ်ခု စီမံလိုက်တာပါပဲ။

လူတွေဟာ ကံစီမံရာအတိုင်း သွားကြတယ်ဆိုရင်
ဘယ်အလုပ်ကိုပဲ လုပ်လုပ်
စိတ်ရင်းကောင်းကောင်း ထားပြီး
မိမိအလုပ်ကို စေတနာကောင်းဖြင့် ပြုလုပ်ရပါမယ်။
ဒီတော့-
ကံကောင်းခြင်းဆိုတာ
အောင်မြင်မှုမှာ လိုအပ်တဲ့ အရာပါပဲ။
ကံကောင်းခြင်းတွေ ပိုင်ဆိုင်ဖို့
စေတနာကောင်းဖြင့် မိမိလုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပါ။

❑ ❑ ❑

## ပြတ်သားသော ရည်ရွယ်ချက်

ဘာလိုချင်တာကိုသိရင်
ဘာလုပ်ရမလဲ ဆိုတာကိုလည်း သိကြတယ်။
ဒီတော့-

မိမိ လိုချင်တဲ့အရာကို ပြတ်သားစွာသိဖို့ အထူးပင်လိုအပ်ပါတယ်။

သောမတ်စ်ကာလိုင်း (Thomas Carlyle) က

A person with clear purpose will make progress on even the roughest road.

A person with no purpose will make no progress on even the smoothest road.

ပြတ်သားသော ရည်ရွယ်ချက်ရှိသည့် လူတစ်ယောက်သည်
အကြမ်းတမ်းဆုံး လမ်းပေါ်မှာ လျှောက်နေစေကာမူ
ရည်ရွယ်ချက် ထမြောက်အောင် လုပ်နိုင်လိမ့်မည်။
ရည်ရွယ်ချက် မရှိသည့် လူတစ်ယောက်သည်

အချောမွေ့ဆုံး လမ်းပေါ်မှာ လျှောက်လှမ်းစေကာမူ
ဘာကိုမှ ထမြောက်အောင် လုပ်နိုင်မည်မဟုတ်တဲ့။
ဒီတော့-
ပြတ်သားသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဟာ
အောင်မြင်မှုရဲ့ တစ်ခုတည်းသော အစိတ်အပိုင်းတစ်ခုပဲဖြစ်
လို့ပါပဲ။

❑ ❑ ❑

## သူတစ်ပါးကိုအားမကိုးနဲ့

Do not depend upon others.

သူတစ်ပါးကို အားမကိုးပါနဲ့လို့ ပြောတာဟာ ကိုယ့်အား ကိုယ်ကိုးပါလို့ အဓိပ္ပာယ်ထွက်ပါတယ်။

သူတစ်ပါးဟာ မိမိ မဟုတ်တဲ့အတွက်

မိမိရယူချင်တဲ့ အောင်မြင်မှုကို သူတစ်ပါးက ယူဆောင်မပေး နိုင်ပါဘူး။

မိမိကိုယ်တိုင် ယူဆောင်မှ ရပါလိမ့်မယ်။

တကယ်တော့-

ကိုယ့်အား ကိုယ်ကိုးတယ်ဆိုတာ

ကိုယ့်ဉာဏ်ကို ကိုယ်အားကိုးတာ

ကိုယ့်ဝီရိယကို ကိုယ်အားကိုးတာ

ကိုယ့်ကံကို ကိုယ်အားကိုးတာပဲ ဖြစ်ပါတယ်။

ကိုယ့်အားကိုယ်ကိုးဖို့ သတ္တိရှိဖို့ လိုအပ်ပါတယ်။ သတ္တိမရှိတဲ့ သူဟာ သူတစ်ပါးကို အားကိုးတတ်ပါတယ်။

မိမိကိုယ်ကို အားမကိုးတော့ပါဘူး။

ကိုယ့်အားကိုယ်ကိုးတဲ့ သူဟာ အားငယ်စိတ်တွေ မရှိရဘူး။

အားငယ်တဲ့ စိတ်တွေရှိတော့ ပြဿနာတစ်စုံတစ်ရာ ကြုံတွေ့လာရင် မိမိအရေးကို သူတစ်ပါးကို ဖြေရှင်းပေးဖို့ အကူအညီတောင်းတတ်ပါတယ်။

ဒါကြောင့်

အောင်မြင်ချင်တယ်ဆိုရင်

ကိုယ့်အား ကိုယ်ကိုးပါ။

❑ ❑ ❑

## အထွတ်အထိပ်သို့ရောက်နည်း

အောင်မြင်မှုဆိုတာဟာ

တကယ်တော့ ဘဝရဲ့အထွတ်အထိပ် တစ်နေရာမှာ ရှိနေသော အရာတစ်ခုပဲဖြစ်ပါတယ်။

အဲသည်လို

ဘဝအထွတ်အထိပ်ကို ရောက်စေဖို့ သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်က နည်းလမ်းငါးမျိုးကို ပြသထားပါတယ်။

အဲသည် ငါးချက်ကတော့-

၁။ ကြာမြင့်စွာ အလုပ်လုပ်ခြင်း

[ စိရကာလဘာဝနာ ]

၂။ မရပ်မနား အလုပ်လုပ်ခြင်း

[ နိရန္တရဘာဝနာ ]

၃။ အကြွင်းအကျန်မရှိ အလုပ်လုပ်ခြင်း

[ နိရဝသေသဘာဝနာ ]

၄။ လေးလေးစားစား အလုပ်လုပ်ခြင်း
[ သက္ကစ္စဘာဝနာ ]
၅။ ပျော်ပျော်ပါးပါး အလုပ်လုပ်ခြင်း
[ အဘိရတိဘာဝနာ ] တို့ပါပဲ။
ဒီအင်္ဂါငါးချက်နဲ့ ပြည့်ဝတဲ့ သူဟာ
အောင်မြင်သူပါပဲ။

□ □ □

## အောင်မြင်ခြင်းလောကဓံ

လောကဓံတရား ရှစ်ပါးထဲမှာ အဆိုးလောကဓံတရား လေးပါးဟာ မအောင်မြင်မှုဖြစ်ရင်၊ အကောင်းလောကဓံတရား လေးပါးဟာ အောင်မြင်မှုပဲဖြစ်ပါတယ်။

လူဟာ-

အောင်မြင်တဲ့ ဘဝတစ်ခုကို ဖန်တီးတဲ့အခါ အဆိုးလောကဓံတွေကိုတော့ ခံနိုင်ရည်ရှိကြပြီး၊ အကောင်း လောကဓံတရားတွေကိုတော့ ခံနိုင်ရည် မရှိကြပါဘူး။

တချို့လူတွေ-

အောင်မြင်မှုလမ်းကြောင်းပေါ်ကို ရောက်ပြီးမှပြန်ပြီး ပြုတ်ကျသွားတာတွေဟာ အောင်မြင်မှုဒဏ်ကို မခံနိုင်ကြလို့ပဲ ဖြစ်ပါတယ်။

ချမ်းသာလာတယ်၊ ကျော်ကြားလာတယ်၊ လူတွေက ချီးမွမ်းလာတယ်၊ တပည့်တွေ များလာတယ်ဆိုရင် လူဟာ ဘာပဲလုပ်လုပ် ငါ့လုပ်ရပ်က မှန်တယ်ဆိုပြီး ထင်တိုင်းကြဲလိုက်တဲ့အခါမှာ မထင်မှတ်တာတွေ ဖြစ်လာတတ်ပါတယ်။

ကြိုးစားမှုအားကိုလည်း လျှော့ချလိုက်တယ်။
စဉ်းစားချင့်ချိန်မှုလည်း မလုပ်တော့ဘူး။
အပျော်အပါးကို ဦးစားပေးလာတယ်။
အဲသည်လိုအခါမျိုးမှာ ရရှိလာတဲ့ အောင်မြင်မှု အနည်းငယ်ကို ယစ်မူးသာယာမိတယ်။

အနည်းငယ်သော အောင်မြင်မှုကို သာယာမိလိုက်တာနဲ့ ကြီးမားသော အောင်မြင်မှုတွေကို တားဆီးလိုက်တာနဲ့ အတူတူပါပဲ။

ဒါကြောင့် -

အောင်မြင်မှုတွေ တိုးတက်လာတာနဲ့အမျှ မိမိကိုယ်မိမိ ပိုမိုထိန်းသိမ်းနိုင်ရမယ်။

လူတိုင်းနှင့် အဆင်ပြေအောင် နေတတ်ရမယ်၊
သတိကောင်းရမယ်၊
ကြိုးစားမှုကို လျှော့ချမပစ်ရဘူး။
အရေးကြီးတာကတော့ -

ချမ်းသာတဲ့ဒဏ်ကို အကောင်းဆုံးခံနိုင်ရည်ရှိမှ အောင်မြင်မှုက ခမ်းနားလာမှာ ဖြစ်ပါတယ်။

□ □ □

## အကျပ်အတည်း

အမြင့်ကို တက်ရတာဟာ

အောက်ခြေမှာ သွားရသလို လွယ်ကူချောမွေ့မှု မရှိပါဘူး။

အခက်အခဲ အကျပ်အတည်းများ ပါတယ်။

အကျပ်အတည်းများကို ဖြေရှင်းဖို့ ဆိုတာကလည်း အရည်အချင်း ပြည့်ဝနေရပါမယ်။

အရည်အချင်းပြည့်ဝဖို့ ဆိုတာဟာ အမြင့်ကိုတက်ပြီးကြုံလာတဲ့ အကျပ်အတည်းတွေကို ဖြေရှင်းမှပဲ အရည်အချင်းဟာ ထွက်လာပါတယ်။

ဆီဟာ-

အပေါက်ရှိတာနဲ့ ဆိမ့်ထွက်ပါတယ်။

လူဟာ-

အရည်အချင်းနဲ့ အကျပ်အတည်းကြားက ထွက်ရပါမယ်။

တကယ်တော့-

အကျပ်အတည်းဆိုတာ

လူ့အရည်အသွေးတွေ ထွက်လာအောင် တွန်းအားပေးနေတဲ့ တစ်ခုတည်းသောအရာပဲ ဖြစ်တယ်။

အောင်မြင်ချင်တဲ့ သူဟာ

အကျပ်အတည်းတွေ ကြားထဲကနေ

ခက်ခဲတယ်ဆိုတဲ့ အရာတွေကို ရအောင်ယူပြီး

မိမိဘဝ၊ မိမိအသိဉာဏ်၊ မိမိစိတ်ကို ပိုမို တိုးတက်အောင် လုပ်တဲ့ သူပဲဖြစ်ပါတယ်။

ဒါကြောင့်

အကျပ်အတည်း၊အခက်အခဲများကြုံလာရင်

မကြောက်ပါနဲ့

ဖြေရှင်းပါ။

□ □ □

## စိတ်ကိုနိုင်အောင်လုပ်ပါ

လူတစ်ယောက် ပေါက်မြောက်အောင်မြင်ဖို့ ဆိုပါက

လူစွမ်းအား အရင်းအမြစ်တွေကောင်းဖို့အထူးလိုအပ်ပါတယ်။

လူစွမ်းအား အရင်းအမြစ်တွေ ကောင်းဖို့ဆိုပါကလည်း မိမိစိတ်ကို မိမိနိုင်အောင် ထိန်းသိမ်းထားနိုင်ရပါမယ်။

မိမိစိတ်ကို မနိုင်ရင်

မည်သည့် အောင်မြင်မှုမှ မရနိုင်ပါဘူး။

ဘာကြောင့်လည်း ဆိုပါက

မိမိစိတ်ကို မထိန်းသိမ်း၊ မစောင့်ရှောက်၊ မနိုင်နင်းရင် စိတ်ဟာ လွတ်နေတဲ့အတွက် အောင်မြင်မှုမှာ အာရုံမရှိတော့ဘဲ ဖြစ်ချင်တိုင်းဖြစ်ကာ မိမိစိတ်က မိမိကိုပြန်ပြီးတော့ သတ်တတ်ပါတယ်။

စိတ်က မိမိကို သတ်တယ်ဆိုတာ

မကောင်းတာတွေ ပြုလုပ်မိပြီး စိတ်အလိုကို မိမိက လိုက်နေရတဲ့အတွက် ကြာလာသည်နှင့်အမျှ စိတ်ရဲ့စေခိုင်းသမျှတွေ ပြုလုပ်ရင်း မအောင်မြင်တဲ့ ဘဝတွေနဲ့သာ နိဂုံးချုပ်ရပါတော့တယ်။

သူ့စိတ်ရှိင်းနေတာကို
စိတ်ရှိင်းရင် ဘဝရှိင်းပါတယ်။
ဒီတော့-
အောင်မြင်ဖို့ဆိုပါက
မိမိစိတ်ကို မိမိပိုင်နိုင်အောင်လုပ်ပြီး
အောင်မြင်မည့် အလုပ်တွေကိုသာရွေးစိုက်ပြီး ပြုလုပ်ဖို့ မိမိစိတ်ကို မိမိ ထိန်းသိမ်းပါ။

❑ ❑ ❑

## ကိုယ်အားစိတ်အား

ဘဝမှာ
ရည်ရွယ်ချက်တွေ ထမြောက်ဖို့
သတ်မှတ်ချိန်မှာ သတ်မှတ်ထားတဲ့ ကာလတစ်ခုရောက်စေဖို့
ဆိုပါက 'အား' ရှိရမယ်။
အဲဒီ 'အား' တွေကတော့
ကိုယ်အားနဲ့ စိတ်အားပါ။
ကိုယ်အားက ပြည့်ဝပြီး စိတ်အားမပြည့်ဝရင် မအောင်မြင်နိုင်သလို၊ စိတ်အားပြည့်ဝပြီး ကိုယ်အား မပြည့်ဝရင်လည်း အောင်မြင်ဖို့ မလွယ်ကူပေ။
သည်လိုပါပဲ
ကိုယ်ခန္ဓာက နွမ်းနေရင် စိတ်ကလည်း မလန်းနိုင်သလို
စိတ်က ညစ်နွမ်းနေရင် ကိုယ်ခန္ဓာလည်း မလန်းနိုင်ပါဘူး။
ကိုယ်အားနဲ့ စိတ်အားဟာ

တစ်ခုကိုတစ်ခု အမှီသဟဲ ပြုနေကြတယ်။
အောင်မြင်ချင်တဲ့ သူဟာ
စိတ်ဓာတ်မကျအောင်
စိတ်ဓာတ်အင်အား ပြည့်ဝနေအောင် ဂရုစိုက်ပြီး နေထိုင်ရမှာဖြစ်သလို၊ ကိုယ်အားပြည့်ဝနေအောင်လည်း မစားသင့်တာတွေကိုမစားပဲ၊ စားသုံးသင့်တာတွေကို စားသုံးရပါမယ်။
ဒါမှ အားနည်းချက် မရှိမှာပါ။
အားနည်းချက်ရှိရင်
အားသာချက် မရှိတော့ပါဘူး။
အောင်မြင်ချင်တဲ့ သူဟာ
ကိုယ်အား၊ စိတ်အားပြည့်ဝစွာဖြင့် အိမ်လိုချင်တာကို ရအောင်ယူဖို့ အားသာချက် ရှိတဲ့သူပဲဖြစ်ပါတယ်။

❑ ❑ ❑

## တာဝန်နှင့်အစွမ်းအစ

အစွမ်းအစရှိတဲ့ သူတွေဟာ မိမိ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ပေးလေ့ရှိသလို၊ တာဝန်ကျေအောင် ထမ်းနိုင်တဲ့သူဟာလည်း လူ့အစွမ်းအစတွေ တိုးလာပါတယ်။

ဒီတော့-

အောင်မြင်ချင်တဲ့ သူဟာ

တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်နိုင်ရပါမယ်။

တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်တဲ့အခါမှာလည်း ဝတ်ကျေတန်းကျေ သဘောနှင့် မလုပ်ဆောင်ရပါဘူး။

စေတနာကောင်းဖြင့် အကောင်းဆုံး ဖြစ်အောင်လုပ်ပါ။

ဒါမှသာလျှင်

တာဝန်နှင့်အတူ အစွမ်းအစပါ တိုးတက်လာပါလိမ့်မည်။

အဲသည်လို လုပ်ဆောင်တဲ့အခါမှာလည်း

တစ်ခါတလေကျရင် မိမိက လုပ်သင့်တာကို လုပ်နေပေမယ့်

လည်း သူတစ်ပါးက သဘောမပေါက်တာ၊ အသိအမှတ်မပြုတာ၊ နားလည်မှု လွဲမှားတာတွေဟာ အလုပ်မပြီးခင်မှာ ဝင်လာတတ်ပါတယ်။

အဲသည်လိုဖြစ်တိုင်း မိမိ လုပ်ဆောင်ချက်ကို လျှော့မချပါနဲ့ အကောင်းဆုံးဖြစ်အောင်သာ လုပ်ဆောင်ပါ။

မိမိ လုပ်ဆောင်ချက်ဟာ တစ်ဦးတစ်ယောက် နားလည်ဖို့၊ လက်ခံဖို့လုပ်တာ မဟုတ်ပါဘူး။

ရည်ရွယ်ချက်မြောက်အောင် လုပ်နေတာပါ။

ဒါကြောင့်

လုပ်တဲ့အခါ မိမိရဲ့အစွမ်းအစဟာ တာဝန်နှင့်အညီ တိုးတက်မှုဖြစ်အောင် ကြိုးစားဆောင်ရွက်ပါ။

❑ ❑ ❑

## ဝီရိယ

ဝီရိယဆိုတာ
ရဲရင့်ခြင်းဟု အဓိပ္ပာယ် သက်ရောက်ပါတယ်။
မိမိ လိုချင်တာကို ရအောင်ယူနိုင်ဖို့
မိမိ ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်ဖို့
အောင်မြင်ရေး လမ်းမထက်မှာ တွေ့ကြုံလာမည့်အရာတွေကို ကျော်လွှားဖြတ်သန်းဖို့ရာ ရဲရင့်ခြင်းဟု အဓိပ္ပာယ်သက်ရောက်ပါတယ်။
အောင်မြင်ချင်တဲ့ သူဟာ
မိမိ လိုချင်တဲ့အရာက ဘယ်အရာဖြစ်တယ်။
မိမိ ပန်းတိုင်က ဘယ်ပန်းတိုင်ဖြစ်တယ်။
မိမိဘာသာ အတိအကျသတ်မှတ်ပြီး လိုချင်မှုဆန္ဒနဲ့ ရယူဖို့ ကြိုးစားတဲ့အခါတွေမှာ ဝီရိယဟာ မပါမဖြစ်၊ မရှိမဖြစ်အရာပါဘဲ။
ဝီရိယမပါဘဲ
မည်သည့်အောင်မြင်မှု မှတ်တိုင်ကိုမှ စိုက်ထူလို့မရပေ။
ဘာကြောင့်လည်းဆိုပါက

ဝီရိယရှိတဲ့ သူဟာ

မိမိပန်းတိုင်ကို အနှောင့်အယှက်ဖြစ်စေမည့် ဘယ်လိုအရာမျိုးကိုမှ လက်မခံဘဲ တိုက်ထုတ်တတ်လို့ပါပဲ။

ဒါကြောင့်

အောင်မြင်ချင်ရင်

ဝီရိယ ရှိအောင်လုပ်ပါ။

ဘာကြောင့်လည်းဆိုတော့

ဝီရိယမှတစ်ပါး မိမိပန်းတိုင်ကိုရောက်အောင် ပို့ဆောင်ပေးမည့် အခြားသောအရာမရှိလို့ပါဘဲ။

□ □ □

## မနှောင့်နှေးပါနှင့်

မိုင်ပေါင်းများစွာကို သွားမယ့် ခရီးရဲ့အစဟာ
ပထမ ခြေလှမ်းလို့ ဆိုကြပါတယ်။
အဲဒီလိုပါပဲ
ကြီးကျယ်ခမ်းနားသော အလုပ်တွေကို လုပ်ဆောင်နိုင်ဖို့ ဆိုပါကလည်း အသေးဆုံးသောအရာလေးက စတင်ရမှာ ဖြစ်ပါတယ်။
အဲဒီလို စတင်နိုင်ဖို့ဆိုပါက
အစဖြစ်အောင် လုပ်ဆောင်ရပါမည်။
တချို့က–
အလုပ်တစ်ခုကို စတင်ဖို့တော့ ရည်ရွယ်ထားပြီး တကယ်တမ်းလက်တွေ့ လုပ်ဆောင်ဖို့ကြတော့ နှောင့်နှေးတတ်ပါတယ်။
စတင်ဖို့ နှောင့်နှေးရင်
တချို့အခွင့်အရေးတွေက ရသင့်သလောက် မရတော့သလို မိမိ ပြိုင်ဘက်တွေကလည်း မိမိကို ကျော်တက်သွားပါတယ်။

သူတစ်ပါးတွေက ယှဉ်ပြိုင်ရင်း မိမိထက် အစစရာရာ သာလွန်သွားရင် တချို့သူတွေက မိမိ လုပ်ဆောင်ရမယ့် အလုပ်တွေကို တောင် စတင်ဖို့ စိတ်ဓာတ်ကျသွားတတ်ပါတယ်။

ရည်ရွယ်ချက်ကို အကောင်အထည် မဖော်ဖြစ်တော့ပါဘူး။

ဒါကြောင့်

အလုပ်တစ်ခုကို လုပ်သင့်တယ်ဆိုရင်

စတင်ဖို့ မနှောင့်နှေးပါနှင့်။

❑ ❑ ❑

## မဖြစ်နိုင်ဘူးလို့မထင်ပါနဲ့

အောင်မြင်မှုဆိုတာ

အဖြစ်နှင့် အပျက်ဆိုပါက

လူဟာ အောင်မြင်မှုကို 'ဖြစ်နိုင်ခွင့်' အဖြစ် ယုံကြည်လက်ခံပါက ဖြစ်နိုင်ချေ များစွာရှိပါတယ်။

အပျက်အဖြစ်မြင်လိုက်ပါကလည်း အရာရာဟာ တားဆီးထားသလိုဖြစ်တဲ့အတွက် ဖြစ်မလာတော့ပါဘူး။

တချို့က-

ကိစ္စတစ်ခုကို ပြုလုပ်တဲ့အခါ

ဖြစ်နိုင်တဲ့ နည်းလမ်းတွေကို စဉ်းစားပါတယ်။

ဖြစ်နိုင်တဲ့ နည်းလမ်းတွေကို စဉ်းစားတဲ့အခါ

ကြုံလာနိုင်မယ့် အတားအဆီးတွေကိုပါ ကြိုမြင်ထားရပါတယ်။

တစ်ခါတလေကျရင် တချို့သော အခက်အခဲတွေဟာ မိမိထင်ထားတာတွေထက်ပင် ပိုပြီးတော့ လက်တွေ့ဘဝမှာ ခက်ခဲနေတတ်ပါတယ်။

ဒါပေမယ့်-

ဖြစ်နိုင်တဲ့ ရှုထောင့်က တွေးတဲ့သူအတွက်ကတော့ အောင်မြင်မှု အခွင့်အလမ်းတွေက ပွင့်လာနိုင်ပါတယ်။

မအောင်မြင်တဲ့လူကတော့

အလုပ်တစ်ခုကို မစတင်ရသေးခင်ကတည်းက

မလွယ်ဘူး၊ အဆက်အသွယ်မရှိဘူး စသည်ဖြင့် မဖြစ်နိုင်တဲ့ နည်းလမ်းက စတွေးပါတယ်။

အဲသည်လိုလူက-

အခက်အခဲကို ကြိုတင်ပြီး ကြောက်နေတဲ့အတွက် အောင်မြင်မှုက ဆိတ်သုဉ်းတတ်ပါတယ်။

ဒါကြောင့်-

အောင်မြင်ချင်တယ်ဆိုရင်

ဘယ်ကိစ္စမဆို

ဖြစ်နိုင်တဲ့ အနေအထားကနေ တွေးပါ။

□ □ □

## ဆန္ဒ ရှိပါစေ

မြန်မာစကားမှာ 'ဆန္ဒရှိရင် အလိုတစ်ဝက်ပြီး၏' လို့ အဆို ရှိပါတယ်။ အဲသည်စကားကို အဖြောင့်ဆိုလိုက်ပါက ဆန္ဒမရှိရင် မည်သည့်အရာမှ မပြီးမြောက်ဆိုတဲ့ အဓိပ္ပာယ်ထွက်ပါတယ်။

ဒါကြောင့်-

အောင်မြင်ဖို့ တိကျတဲ့ဆန္ဒရှိရပါမယ်။

တိကျတဲ့ လိုချင်မှုဆန္ဒဆိုတာ

တစ်စုံတစ်ခုကို လိုချင်ပြီဆိုပါက မိမိ လိုချင်သောအရာကို ရယူပိုင်ဆိုင်နိုင်ဖို့ ဘယ်လိုအရာမျိုးကိုပဲ စွန့်လွှတ်ရပါစေ ဘယ်လို အခက်အခဲများကို ရင်ဆိုင်ရပါစေ၊ ဘယ်လိုအရာမျိုးကို လုပ်ဆောင်ရ ပါစေ ကြုံလာသမျှ အခက်အခဲ ဘေးရန်တွေကိုရင်ဆိုင်ပြီး ရအောင် ယူမယ်ဆိုတဲ့ ဆန္ဒပဲဖြစ်ပါတယ်။

စိတ်ထဲက ဆန္ဒကို

လက်တွေ့ အကောင်အထည်ဖော်ဖြစ်ဖို့ဆိုပါက ဆန္ဒကြီးမား မှုအပေါ်မှာမူတည်ပြီး လက်တွေ့ဘဝတွေမှာ ဖြစ်ပေါ်နေပါတယ်။

ဆန္ဒကြီးရင် ကြီးသလောက် လက်တွေ့လုပ်ဆောင်ဖြစ်ပြီး ဆန္ဒအားနည်းတဲ့သူကတော့ အနည်းငယ်ပဲ လက်တွေ့လုပ်ဆောင် တတ်ပါတယ်။

ဆန္ဒမရှိသူကတော့-

လက်တွေ့ဘဝ လုံးဝ မရှိပါဘူး။

ဟောဒီလောကမှာ ပြင်းထန်တဲ့ ဆန္ဒဖြင့် ကြိုးစားဆောင် ရွက်နေတဲ့ သူတွေကိုတောင်မှ အခက်အခဲတွေက မိမိဆန္ဒ လမ်းကြောင်း ပြောင်းသွားအောင် နှိပ်စက်လေ့ရှိပါတယ်။

ဒါပေမယ့်-

ဘယ်လိုပင် နှိပ်စက်လေ့ရှိပါစေ

ဆန္ဒကြီးမားတဲ့သူကတော့

ဘယ်တော့မှ လမ်းကြောင်း မပြောင်းဘဲ လိုချင်တာကို ရအောင် ယူပါတယ်။

ဒီတော့-

လိုချင်မှုဆန္ဒဟာ အောင်မြင်ခြင်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။

❑ ❑ ❑

## ခိုင်မာသောစိတ်ထား

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ ကြိုးစားအားထုတ်မှုရှိဖို့ အထူး လိုအပ်ပါတယ်။

အဲသည်လို

ကြိုးစားအားထုတ်မှု ဖြစ်ပေါ်ဖို့ ဆိုပါကလည်း မိမိတို့ရဲ့စိတ်ထားတွေဟာ ခိုင်မာဖို့ အထူးလိုအပ်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ အခက်အခဲများကို ကျော်လွှားတဲ့အခါ စိတ်ထားခိုင်မာမှုမရှိရင် အခက်အခဲတွေကို ကျော်လွှားဖို့ဆိုတာ မလွယ်ကူပေ။

အောင်မြင်တဲ့ သူဆိုတာ

ဘယ်လောက်ကြီးမားတဲ့ အခက်အခဲမျိုးကို ကြုံတွေ့နေပါစေ၊ မိမိဦးတည်ချက်နဲ့ ပန်းတိုင်မပျောက်အောင် လုပ်ဆောင်တတ်တာဟာ ခိုင်မာတဲ့ စိတ်ထားကြောင့်ပါပဲ။

အခက်အခဲ ဆိုတာဟာလည်း

ကြုံလာတဲ့အခါ စိုးရိမ်နေရုံ၊ သောကရောက်နေရုံနှင့် ပျောက်ကွယ်နိုင်သောအရာမဟုတ်ပေ။

ကြုံလာသမျှသော ဘေးဒုက္ခတွေကို တိုက်ထုတ်နိုင်မှသာ လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။

တချို့က-

အခက်အခဲ ဘေးဒုက္ခတွေကြုံရင် ဖြစ်ချင်တာဖြစ်စေတော့ဟု သဘောထားလိုက်၏။ အခက်အခဲကို အဲသည်လို သဘောထားလိုက်ပါက တကယ်ပင် ဖြစ်ချင်တိုင်း ဖြစ်တော့၏။

အောင်မြင်ဖို့လည်း မလွယ်ကူတော့ပေ။

ဒါကြောင့်-

ဘေးအန္တရာယ်တွေကို ဖြစ်ချင်တိုင်း မဖြစ်ဘဲ၊ ဖြစ်သင့်တာတွေ ဖြစ်အောင် အောင်မြင်ချင်တဲ့ သူဟာ စိတ်ထားခိုင်မာရပါမယ်။

❑ ❑ ❑

## ဉာဏ်ကောင်းအောင်လုပ်

ဉာဏ်ပညာကောင်းတဲ့ သူတွေဟာ အောင်မြင်မှု သရဖူကို ဆောင်နိုင်ကြတယ်လို့ လူတွေက ထင်တတ်ကြတယ်။

ဒါဆိုလျှင်

သင်ဟာလည်း ဉာဏ်ပညာကောင်းတဲ့ သူတစ်ယောက်ပါပဲ။

သို့သော်-

ဉာဏ်ပညာကောင်းဖို့အတွက်တော့ လေ့ကျင့်ယူရပါမယ်။

အရေးကြီးတာက

ဘာတစ်ခုမှ မလုပ်ဆောင်ရသေးပါဘဲ ငါက သူများလောက် ဉာဏ်မကောင်းဘူးလို့ မိမိကိုယ်ကိုယ်မိမိ အထင်သေးတဲ့စိတ်၊ ဖြစ်ပါ့မလား ဆိုတဲ့စိတ်၊ အားနည်းတဲ့ ဝီရိယတွေနဲ့ဆိုရင်တော့ သင်ဟာ တကယ်ကို ဉာဏ်ပညာမရှိတဲ့သူ ဖြစ်နေပါလိမ့်မယ်။

တကယ်တော့

ဉာဏ်ပညာအားနည်းတယ်ဆိုတာ

မိမိလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် မသိထားတာ၊

လေ့လာမှုအားနည်းတာ

ဟိုစပ်စပ် ဒီစပ်စပ်ဝင်ပါတာ

တစ်ခုတည်းကို အာရုံစူးစိုက်မှုပြည့်ဝစွာဖြင့် မလုပ်ဆောင်သေးလို့ဘဲ ဖြစ်ပါတယ်။

တကယ်လို့သာ

မိမိလုပ်ငန်းနှင့် ပတ်သက်တာတွေကို ကျယ်ကျယ်ပြန့်ပြန့် သိအောင်လုပ်မယ်၊ လေ့လာမယ်။

မိမိနှင့် မသက်ဆိုင်တာတွေကို ဝင်မပါဘူး။

မိမိရည်ရွယ်ထားတဲ့ နယ်ပယ်တစ်ခုတည်းကိုသာ အာရုံစူးစိုက်မှု ပြည့်ဝစွာဖြင့်၊ ဝီရိယရှိစွာဖြင့် လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက သင်ဟာ ဉာဏ်ပညာကောင်းတဲ့ သူတစ်ယောက်ဖြစ်ပါပြီ။

❑ ❑ ❑

## ပညာနှင့်ဝီရိယ

တချို့သူတွေဟာ
ဉာဏ်ပညာတော့ ကောင်းကြပါတယ်။
ဒါပေမယ့်
မအောင်မြင်၊ မကြီးပွားကြဘူး။
တချို့သူတွေကတော့
ဉာဏ်ပညာတော့ သိပ်မကောင်းကြဘူး။
ဒါပေမယ့်
အောင်မြင်ကြတယ်၊ တိုးတက်ကြတယ်၊ ကြီးပွားကြတယ်။

အဲသည်လို ကွဲပြားခြားနားတာဟာ အခြားသောအရာများကြောင့် မဟုတ်ပေ။ ဝီရိယကြောင့် ဖြစ်၏။

ဉာဏ်ပညာကောင်းပါလျက်နဲ့

မတိုးတက်လာတာဟာ မိမိကိုယ်မိမိ လုပ်ရင် ဖြစ်ပါတယ် ဆိုပြီး အထင်ကြီး၊ စိတ်ကြီးဝင်ကာ တကယ့် လက်တွေ့မလုပ်ဆောင်

ဖြစ်တာရယ်၊ ပညာနှင့် ညီမျှတဲ့ ဝီရိယမရှိတဲ့အတွက် မအောင်မြင်ပါဘူး။

အကြိမ်ကြိမ် ကြိုးစားတဲ့သူ
အကြိမ်ကြိမ် လေ့လာတဲ့ သူတွေကတော့
ဝီရိယရဲ့နှိုးဆွမှုအားကြောင့် ပညာပါပြည့်ဝလာပြီး အောင်မြင်လာကြပါတယ်။

ဒီတော့-
အောင်မြင်မှုဟာ
ပညာနှင့် ဝီရိယကို ချိန်ကိုက်ညီစွာ လုပ်ဆောင်နိုင်မှုအပေါ်ကို မူတည်ပါတယ်။

□ □ □

## ကံ

ကံတရားကို 'လုပ်ဆောင်မှု'ဟု သတ်မှတ်ပါက
ကံတရား၏ အကျိုးဆက်သည်
လုပ်ဆောင်မှု၏ အကျိုးဆက်ပင် ဖြစ်၏။

အောင်မြင်ခြင်းတရားကို ကံကောင်းခြင်းဟု သတ်မှတ်ပါက အဲဒီ ကံကောင်းခြင်းတွေ ဖြစ်ပေါ်လာဖို့ ဆိုပါကလည်း လုပ်ဆောင်ချက်ကောင်းတွေက အတိအကျ လိုအပ်ပါတယ်။

ဘာကြောင့်လည်းဆိုပါက
ကံတရားတွေက
လုပ်ဆောင်ချက်တွေအတိုင်းပဲ အချိုးကျညီမျှစွာဖြင့်ပင် အကျိုးပေးလေ့ရှိပါတယ်။

ဖြစ်ချင်သလို မဖြစ်သလို၊ ပရမ်းပတာလည်း အကျိုးပေးလေ့မရှိပါဘူး။

သည်တော့-
အောင်မြင်မှုတွေ ကြီးမားစွာပိုင်ဆိုင်ချင်တယ်။

ကံတရားတွေ ဆောင်လာချင်တယ် ဆိုပါက

လုပ်ဆောင်မှုတွေကိုလည်း အကောင်းမွန်ဆုံးဖြစ်အောင် လုပ်ဆောင်ရပါမည်။

မိမိရဲ့လုပ်ဆောင်ချက် ကောင်းမွန်မှုတွေကြောင့် ကံကောင်းခြင်းတွေ ပိုင်ဆိုင်လာပါကလည်း ဒီအတိုင်း မနေရပါဘူး။

ကံဆက်ပေးရပါတယ်။

ကံဆက်ပေးတယ် ဆိုတာ

အောင်မြင်မှုကို ထိန်းသိမ်းခြင်းပါပဲ။

အောင်မြင်မှုကို ရရှိဖို့

အောင်မြင်ခြင်းကို ထိန်းသိမ်းဖို့ ဆိုပါက

ဘာကိုပဲ လုပ်လုပ်

အကောင်းဆုံးဖြစ်အောင် လုပ်ပါ။

❑ ❑ ❑

## တည်ငြိမ်မှုရှိပါစေ

အောင်မြင်ချင်တဲ့ သူတွေရဲ့ အလေ့အကျင့်ကောင်းတွေထဲမှာ

မိမိကိုယ် မိမိ

တည်ငြိမ်မှုရှိအောင် နေတတ်၊ ထိုင်တတ်၊ ပြောဆိုတတ်ခြင်းဟာလည်း အလေ့အကျင့်ကောင်းတစ်ခုပါပဲ။

အလေ့အကျင့်ကောင်းတဲ့ သူဟာ

အလား အလာလည်းကောင်းတယ်။

ဒါကြောင့်

အောင်မြင်ချင်တဲ့ သူဆိုတာ အလေ့အကျင့်ကောင်းများစွာ ပိုင်ဆိုင်နိုင်အောင် ကြိုးစားနေထိုင်ရမှာ ဖြစ်ပါတယ်။

အဲဒီ များစွာထဲမှာ

တည်ငြိမ်မှုရှိခြင်းဟာလည်း လိုအပ်သောအရာတစ်ခုပဲ ဖြစ်ပါတယ်။

ဘာကြောင့်လည်းဆိုတော့

ကိုယ်၊ နှုတ်၊ စိတ်သုံးပါးစလုံး မငြိမ်သက်နိုင်အောင် ဖြစ်ချင်ဇောများနေတဲ့၊ ပျာယာခတ်နေတဲ့ သူအဖို့ ကိစ္စတစ်ခုကို တည်ငြိမ်စွာ ဖြေရှင်းနိုင်ဖို့ မလွယ်ကူပါဘူး။

တည်ငြိမ်မှု မရှိပါက
လှုပ်ရှား ရုန်းကန်တတ်ပြီး
ယောက်ယက်ခတ်နေတတ်ပါတယ်။
အောင်မြင်တဲ့ သူဟာ
အရူးတစ်ယောက်လို ဘယ်တော့မှ ပျာယာခတ်မနေပါဘူး။
တည်ငြိမ်လေးနက်စွာဖြင့်
အောင်မြင်မှုကို ပုံဖော်နေတဲ့သူပဲ ဖြစ်ပါတယ်။
ဒါကြောင့် -
အောင်မြင်ချင်ရင်
တည်ငြိမ်စွာ နေပါ။
တည်ငြိမ်စွာ လုပ်ကိုင်ပါ။
တည်ငြိမ်စွာ ပြောဆိုဆက်ဆံပါ။

❑ ❑ ❑

## စိတ်ဓာတ်မကျပါနဲ့

မိမိကိုယ်ကိုမိမိ ထက်မြက်တယ်။

မိမိလုပ်ချင်တာကို ဖြစ်အောင်လုပ်နိုင်တယ်။

မိမိလိုချင်တာကို ရအောင်ယူနိုင်တယ်ဟု ဆုံးဖြတ်ထားတဲ့သူ၊ နားလည်ထားတဲ့ သူဟာ မိမိစိတ်ကိုမိမိ ထိန်းသိမ်းနိုင်ဖို့ အထူးလိုအပ်ပါတယ်။

မိမိစိတ်ကိုမိမိ ထိန်းသိမ်းနိုင်တဲ့သူဟာ အောင်မြင်တဲ့သူဖြစ်ပြီး မိမိစိတ်ကို မိမိမနိုင်တဲ့သူကတော့ ကျရှုံးတဲ့သူပဲ ဖြစ်ပါတယ်။

အောင်မြင်မှု ဆိုတာ

စိတ်ဓာတ်ကျတဲ့ သူတွေနှင့် မထိုက်တန်ပါဘူး။

တကယ်တော့ စိတ်ဓာတ်ကျတယ် ဆိုတာ

စိတ်အားငယ်ခြင်းရယ်၊ စိတ်ကြီးဝင်ခြင်းရယ် သည်နှစ်မျိုးကြောင့် ဖြစ်တာများပါတယ်။

စိတ်အားငယ်နေတဲ့ သူဟာ အခက်အခဲတစ်မျိုးမျိုးကြုံတွေ့

တာနဲ့ ရင်မဆိုင်ဝံ့ဘဲ စိတ်ဓာတ်ကျဆင်းကာ မိမိလိုချင်တာကို ရအောင် မယူနိုင်တော့ပါဘူး။

စိတ်ကြီးဝင်တဲ့ သူကတော့ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်။ မလုပ်ချင်သေးလို့ပါဟု ဆိုကာ မလုပ်သင့်တာကို လုပ်ပြီး၊ လုပ်သင့်တာကို မလုပ်ခြင်းကြောင့် အောင်မြင်မှုနှင့် ဝေးကွာနေတာ ဖြစ်ပါတယ်။

ဒီတော့-

အောင်မြင်ချင်ရင် စိတ်ဓာတ်ကျလို့ မဖြစ်ပေ။

စိတ်ဓာတ်ကျတဲ့ သူဟာ

လုပ်သင့်တဲ့အလုပ်နှင့် မလုပ်သင့်တဲ့အလုပ်ကို ခွဲခြားပြီး မလုပ်ဆောင်နိုင်တဲ့အတွက် အမှန်နှင့် အမှားကို ကောင်းကောင်း မသိပါဘူး။

ဒါကြောင့်

လုပ်သင့်တာကို ဖြစ်အောင်လုပ်ဖို့

စိတ်ဓာတ်မကျအောင် နေပါ။

❑ ❑ ❑

## စည်းစနစ်ကျကျလုပ်ဆောင်ပါ

အောင်မြင်တဲ့ သူဆိုတာ

မိမိရဲ့ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးကို တန်ဖိုးရှိစွာပြောဆို ကြံစည် လုပ်ကိုင်ဆောင်ရွက်တဲ့ သူပဲဖြစ်ပါသည်။

အဲသည်လို တန်ဖိုးရှိစွာ နေတတ်၊ ပြောတတ်၊ လုပ်ကိုင်တတ်ဖို့ ဆိုပါက

စည်းစနစ်ကျကျ ဘဝကို ဖြတ်သန်းနိုင်ရပါမည်။

စည်းစနစ်ဖြင့် လုပ်ကိုင်ရင် မိမိရဲ့လုပ်ဆောင်ချက်ဟာ သူတစ်ပါးကိုလည်း မထိခိုက်သလို မိမိကိုယ်တိုင်လည်း ထိခိုက်နစ်နာမှု မရှိပါဘူး။

စည်းစနစ်မကျပါက

မိမိရဲ့ လုပ်ဆောင်ချက်တွေဟာ သူတစ်ပါးကိုလည်း ထိခိုက်နိုင်သလို မိမိကိုယ်ကိုလည်း ထိခိုက်နစ်နာနိုင်ပါတယ်။

ဘယ်အရာမဆို

မိမိ သူတစ်ပါး ထိခိုက်နစ်နာမှုတွေ ရှိပါက

အောင်မြင်တဲ့ ဘ၀တစ်ခုကို မတည်ဆောက်နိုင်ပေ။

တချို့က

မိမိကိုယ်တိုင်က စည်းစနစ်ကျကျ မနေထိုင်တတ်ရုံတင်မက ဘဲ စည်းစနစ်ကျကျနေထိုင်တဲ့ လူတွေကိုပင် အပြစ်ဆိုလေ့ရှိပါတယ်။

တကယ်တော့

သူတစ်ပါးရဲ့ အပြစ်ချည်းမြင်နေပါက

မိမိအပြစ်ကို မြင်လေ့မရှိပါဘူး။

မိမိအပြစ်ကို မမြင်ရင် မိမိမှာအပြစ်အနာအဆာတွေ များလာပြီး တန်ဖိုးရှိတဲ့ဘ၀တစ်ခုကို မတည်ဆောက်နိုင်ပါဘူး။

ဒါကြောင့်

တန်ဖိုးရှိတဲ့ ဘ၀တစ်ခုကို ပိုင်ဆိုင်ဖို့ဆိုပါက

စည်းစနစ်ကျစွာ လုပ်ကိုင်ကြပါ။

❑ ❑ ❑

## အဆုံးသတ်ပါ

တချို့သူတွေဟာ

အလုပ်တစ်ခုကို စတင်ဆောင်ရွက်စဉ်ကာလမှာ စိတ်အားထက်သန်စွာဖြင့် လုပ်ကိုင်လေ့ရှိပါတယ်။

ဒါပေမယ့်

အချိန်ကာလကြာလာသည်နှင့်အမျှ ကြုံတွေ့လာသော အခက်အခဲများကို ရင်မဆိုင်ရဲတော့ဘဲ တဖြည်းဖြည်း စိတ်ဓာတ်တွေ ကျဆင်းလာကာ ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်ဖို့ စိတ်အားမထက်သန်တော့ပါ။

တကယ်တမ်းအားဖြင့်

အလုပ်တစ်ခုကို စတင်ပြီးသည်မှစ၍ အဆုံးသတ်နိုင်ဖို့ဆိုပါက ဇွဲရှိရပါမည်။

ဇွဲဆိုတာ

ကြုံလာသမျှ ဒုက္ခတွေကိုကြံ့ကြံ့ခံနိုင်တာ၊ မိမိရဲ့ လုံ့လကို မလျှော့ချတာပဲဖြစ်ပါတယ်။

အဲသည်လို ဇွဲနဲ့အတူ ဝီရိယလည်း ရှိရပါမယ်။

ဝီရိယဆိုတာ

အလုပ်တစ်ခုအဆုံးသတ်ဖို့ ရဲရင့်စွာကျော်ဖြတ်ရဲတဲ့ စွမ်းအားပါပဲ။

ရဲရင့်ခြင်းဆိုတာ

အလုပ်ပြီးမြောက် အောင်မြင်ဖို့လုပ်ရဲတဲ့ သတ္တိလည်းရှိရသလို မလုပ်သင့်တာတွေကိုလည်း မလုပ်ဖြစ်အောင် ရှောင်ကြဉ်နိုင်တဲ့ သတ္တိရှိရပါမယ်။

ဒါမှလည်း အောင်မြင်နိုင်ပါမယ်။

❑ ❑ ❑

## အောင်မြင်အောင်လုပ်

အောင်မြင်တဲ့ လုပ်ဆောင်ချက်ဆိုတာ

မလုပ်ဆောင်ခင်ကာလကတည်းက ရည်မှန်းထားတဲ့ ပန်းတိုင်ကို သတ်မှတ်ကာလအတွင်း ရိုးသားစွာဖြင့်ရောက်အောင် သွားနိုင်တဲ့ သူပဲဖြစ်ပါတယ်။

အောင်မြင်တဲ့သူဟာ

အလုပ်တစ်ခုကို လုပ်တော့မည်ဆိုပါက

လုပ်သင့်တဲ့အလုပ် ဟုတ်မဟုတ် ဆန်းစစ်နိုင်ရပါမယ်။

လုပ်ဆဲကာလရောက်မှ မလုပ်သင့်တဲ့အလုပ်ကို၊ အပြစ်အနာ အဆာရှိတဲ့အလုပ်ကို လုပ်ဆောင်နေတာမျိုး မဖြစ်သင့်ပါဘူး။

မှန်ကန်တဲ့ ရွေးချယ်မှုဖြစ်ဖို့ အရေးကြီးပါတယ်။

ရွေးချယ်မှု မှန်ကန်ပြီဆိုပါက

စတင် လုပ်ဆောင်တဲ့အခါမှာလည်း နည်းစနစ်ကျနမှု ရှိမရှိ ဆိုတာကို သိထားရပါမယ်။

စနစ်မကောင်းရင် စနစ်ပြောင်းရပါမယ်။

လူမကောင်းရင် လူပုံပြောင်းရပါမယ်။

တစ်သမတ်တည်း သွားသင့်တဲ့အခါ ဖြောင့်ဖြောင့်တန်းတန်း သွားရပါမယ်။

နောက်မဆုတ်ရပါဘူး။

မိမိ ရည်ရွယ်ချက် မပြည့်ခင်ကာလမှ ရရှိလာတဲ့အကျိုးတွေဟာ အောင်မြင်မှု မဟုတ်သေးပါဘူး။

မူလ သတ်မှတ်ထားတဲ့ သတ်မှတ်ချက်ရောက်အောင် သွားနိုင်ခြင်းဟာ အောင်မြင်ခြင်းပါပဲ။

❑ ❑ ❑

## ထွက်မပြေးပါနဲ့

ဘဝမှာ

အခက်အခဲ အကျပ်အတည်း တစ်ခုခုကြုံတွေ့လာရင် ထိပ်တိုက် ဖြေရှင်းခြင်းမပြုဘဲ ရှောင်ထွက်သွားတဲ့သူကို အဲသည်ပြဿနာတွေက မဖြေမရှင်းခြင်း နှိပ်စက်တတ်ပါတယ်။

တချို့က

ဖြေရှင်းခြင်းမပြုတဲ့အပြင် ပြဿနာရဲ့ ပြင်ပတစ်နေရာရောက်အောင် ရှောင်ပြေးတတ်ပါတယ်။

တကယ်တမ်းအားဖြင့်

ရှောင်ပြေးသူအတွက်တော့

ပြေးလမ်းက ပိုပြီးတော့ ရှည်လျားနေပါလိမ့်မယ်။

ဒါကြောင့်

ပြဿနာတစ်ခု ကြုံတွေ့လာပြီဆိုရင် အဲဒီပြဿနာ တည်ငြိမ်မှု ပြည့်ဝစွာ၊ ရဲဝံ့စွာဖြင့် ရင်ဆိုင်နိုင်ရပါမယ်။

တစ်ခုရှိတာက

ပြဿနာတစ်ခုကို ဖြေရှင်းတဲ့အခါ

အခြေအနေ၊ အချိန်ကာလ

ပြဿနာရဲ့အကြောင်းအရာ၊ အရင်းအမြစ်တွေကိုအသေအချာ လေ့လာသုံးသပ်ပြီး အကောင်းဆုံးနည်းလမ်းတစ်ခုကို ရွေးချယ်ကာ ဖြေရှင်းတတ်ဖို့ အထူးလိုအပ်ပါတယ်။

အခြေအနေ၊ အချိန်အခါ

ပုဂ္ဂိုလ် ပြဿနာအကြောင်းအရင်းတွေကို အသေအချာ မလေ့လာဘဲ ဖြေရှင်းမိပါက အမှန်တရားထက်စာရင် ပြဿနာပိုမို ကြီးမားတတ်ပါတယ်။

ဒါကြောင့်

အောင်မြင်ခြင်းလမ်းမထက်မှာ ကြုံတွေ့မယ် အခက်အခဲတွေကို ဖြေရှင်းပါ။

ထွက်မပြေးပါနဲ့။

❑ ❑ ❑

## တကယ်သိအောင်လုပ်ပါ

စိတ်ပညာရပ်၌

မိမိသိထားသောအရာတစ်ခုကို လက်တွေ့ကျကျ မဆောင်ရွက်နိုင်ရင် တကယ်သိခြင်းမမည်လို့ ဆိုထားပါတယ်။

သည်လိုပါပဲ

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့

အောင်မြင်ကြီးပွားကြောင်း နည်းလမ်းတွေကို မသိလို့ မအောင်မြင်တာနဲ့၊ သိတော့သိထားပြီး အဲဒီသိထားတဲ့ အောင်မြင်ကြီးပွားကြောင်း နည်းလမ်းတွေကို လက်တွေ့ကျကျ မလုပ်ဆောင်ရင်လည်း မအောင်မြင်ပါဘူး။

စိတ်ပညာစကားအရ ဆိုပါက

အောင်မြင်ကြီးပွားကြောင်း နည်းလမ်းတွေကို တကယ့်မသိထားလို့ပါဘဲ။

သည်တော့

သင်ဟာ

အောင်မြင်ကြီးပွားချင်တယ် ဆိုရင်

အောင်မြင်ကြီးပွားကြောင်း နည်းလမ်းတွေကို တကယ်သိအောင်လုပ်ပါ။

အောင်မြင်ကြီးပွားကြောင်း နည်းလမ်းတွေကို တကယ်သိအောင်လုပ်ခြင်းဟူသည် သိထားတဲ့အတိုင်း လက်တွေ့ကျကျ လုပ်ဆောင်ခြင်းမှ လွဲပြီး...။

**ရွှင်လန်းချမ်းမြေ့ပါစေ**

**သတိုးနွယ်**

မြင့်မြတ်တဲ့အစိုးရအဖွဲ့အစည်းဆိုတာ
ကိုယ်ကျင့်တရားကောင်းမှုကို အခြေခံရတယ်

## သတိုးနွယ်

# နိုင်ငံရေးအပြောင်းအလဲများအား ဘာသာရေးအမြင်ဖြင့်လေ့လာခြင်း

စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၃၂၀၁၁၂

ဖြန့်ချိရေး –စိတ်ကြိုက်စာပေ
အမှတ် ၀၂–၃၈၊ ၃၈လမ်း(အထက်)၊
အာရှပလာဇာ (ပထပ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ ၇၃၀၉၉၂၃၈၊ ၀၉ ၄၃၁၈၃၉၈၂